မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသောသဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကိုမပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၀)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို မာရဝိဇယဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ


**စာမျက်နှာ ၁၆ ကော်လံ ၁** ✭




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂ ရက် ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ကျင်းပသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ်များလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ စိန်နားပန်မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြသည်။ အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့က မီးပုံးပျံများ အောင်မြင်စွာလွှတ်တင်ကြသည်။ ထိုသို့ စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့သည် မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများကို ထွန်းညှိပူဇော်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်ကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။ ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများကရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများလွှတ်တင်ပူဇော်ခြင်း၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်းများဆောင်ရွက်ကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း ယခင်နှစ်များထက်ပိုမို၍ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ဘုရားဖူးလာဧည့်သည်များအနေဖြင့် မိမိတို့လိုအပ်သည့်အသုံးအဆောင်များ၊ အစားအသောက်များ ဝယ်ယူစားသောက်နိုင်ရေးအတွက်လည်း MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော် အပါအဝင်ဖျော်ဖြေရေးအစီအစဉ်ကောင်းများဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပပေးလျက်ရှိသည်။

ထို့ပြင် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ One Region One Product ထုတ်ကုန်ပြခန်းများ၊ EV ကားနှင့် မော်တော်ဆိုင်ကယ်အရောင်းပြခန်းများ၊ အိမ်တွင်းလက်မှုအနုပညာအရောင်းပြခန်းများ၊ ရိုးရာအဝတ်အထည်နှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည်။ ပွဲတော်လာပရိသတ်များ အနုပညာကိုခံစားနိုင်စေရန်အတွက် နိုင်ငံကျော်ဇာတ်မင်းသားဖိုးချစ်ဇာတ်ပွဲသဘင်ကိုလည်း ထည့်သွင်းဖျော်ဖြေပေးခဲ့ရာ ပြည်သူများ ကြိတ်ကြိတ်တိုးစည်ကားများပြားစွာကြည့်ရှုအားပေးကြသည်။

ပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတကိုခံစားနားဆင်နိုင်စေရန်အတွက်လည်း ခေတ်ပေါ်တေးဂီတအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များစွာဖြင့် ဖျော်ဖြေပေးလျက်ရှိသည်။ ထို့ပြင် ဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ကလေးကစားကွင်းများ၌ ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကား စသည့်ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် ပျော်ရွှင်စွာကစားနေသည့် ကလေးများ၏ချစ်စဖွယ်ပုံရိပ်များကိုတွေ့မြင်ကြရသည်။

မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏သပ္ပာယ်မှုနှင့် အံ့မခန်းဗိသုကာလက်ရာများကို ဘုရားဖူးလာပြည်သူများကြည်ညိုစွာဖူးတွေ့ကြရသည်။ မာရဝိဇယမြတ်ဗုဒ္ဓ၏တန်ဆောင်တိုင်ပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုပြုလုပ်ကာ ပွဲတော်ကိုပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက လိုအပ်ချက်မရှိအောင် စီစဉ်ဆောင်ရွက်ပေးထားသည်။ အနှစ်ချုပ်ဆိုရသော် တစ်နှစ်တွင်တစ်ကြိမ်သာကြုံတွေ့ရသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ စိတ်ချမ်းမြေ့ကြည်နူးစွာ ပါဝင်ဆင်နွှဲကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၃၄**

**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်များ လိုက်လံချိတ်ဆွဲ

ကန့်ဘလူ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ တန်ဆောင်တိုင်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်သူ၏ဦးဆောင်မှုဖြင့် မြို့မမီးသတ်စခန်းမှတပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်များကို နိုဝင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် လိုက်လံချိတ်ဆွဲကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများ နေ့စဉ်အသုံးပြုလျက်ရှိသည့် ထင်းမီး၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေနှင့်အမွှေးတိုင်များ ထွန်းညှိအသုံးပြုပါက လိုက်နာရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်သတိပေးသည့် မီးသတ်ကျင့်ဝတ်စာအုပ်ပါ ဆောင်ပုဒ်များအား မြို့တော်ခန်းမရှေ့ ဗိုလ်ချုပ်လမ်းမတစ်လျှောက်ရှိ လျှပ်စစ်ဓာတ်တိုင်များ၌ လိုက်လံချိတ်ဆွဲခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၁၁-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မဲဆန္ဒရှင်များက ဘောလ်ပင်ဖြင့် အမှန် (✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း


၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၇ အရ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်မဲဆန္ဒရှင်များနှင့် သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲ လက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြုလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတ တည့်တည့်တွင်ရှိသော လေးထောင့်အကွက် အတွင်း၌ ဘောလ်ပင်ဖြင့် အမှန် (✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှန် (✔) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည့် ကြိုတင်ဆန္ဒမဲလက်မှတ် များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါ သည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ











မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။







မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။











မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။








မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။





မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။


စာမျက်နှာ ၄ သို့ ❒

❒ စာမျက်နှာ ၃ မှအဆက်


## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ



မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။


မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။


မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။



မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ်ဆုံးဖြတ်ရန် ဖြစ်သည်။

# မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကျင်းပ




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့် မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်သည့် မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ရှိ မီတာ ၆၀၀ အာဆီယံစက်ပစ်ကွင်း၌ နိုဝင်ဘာလ ၁ ရက်မှ ၃ ရက်အထိပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်း ဗိုလ်လောင်းများ၊ ရုရှားနိုင်ငံ၊ ရုရှားတပ်မတော်မှ သေနတ်ပစ်အသင်းအဖွဲ့ခေါင်းဆောင် Lieutenant Colonel Andrey SEMENENKO၊ ဒုတိယစစ်သံမှူး Lieutenant Colonel Aleksei OLEINIKOV၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်း သယ်ဆောင်ပြီး နှစ်နိုင်ငံအလံလွှင့်ထူကာ အလေးပြုကြသည်။ ထို့နောက် ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရစုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ၃၀၀ မီတာ ဗိုလ်လောင်း ရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်း ပစ္စတိုပစ်ပြိုင်ပွဲ စသည့်ပြိုင်ပွဲအမျိုးအစားအလိုက် သေနတ်ပစ်ပြိုင်ပွဲကို ၃ ရက်အကြာ ကျင်းပခဲ့ပြီး ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံဗိုလ်လောင်းများချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံသေနတ်ပစ်အားကစားနည်းစနစ် ဖလှယ်ရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့တက်ရောက်လာကြသော ရုရှားသေနတ်ပစ်အသင်းအဖွဲ့ခေါင်းဆောင် Lieutenant Colonel Andrey SEMENENKO နှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ရောက်ရှိစဉ် အောင်မြေစကြာမင်္ဂလာဆုတောင်းပြည့်ဘုရား၊ ဗထူးစမ်း၊ ရပ်စောက်မြို့မဈေးနှင့် မြို့နေပြည်သူများ စုပေါင်း၍ ဘုံကထိန်အတွက် လှူဒါန်းထားသောပဒေသာပင်များ လှည့်လည်နေမှုကို စိတ်ဝင်တစားသွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ ရွှေရည်လင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများတက်ရောက်ကြသည်။



ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေးတို့က ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကိုနာယူကြစဉ်။

အခမ်းအနားသို့ ပျဉ်းမနားမြို့၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတ အမှူးပြုသည့် ပင့်သံဃာတော်ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ ဧည့်ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကိုနာယူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပျဉ်းမနားမြို့၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်းဖြစ်သော အောင်မင်္ဂလာကျောင်းတိုက်ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက်ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကာ အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ Naypyitaw State Academy သို့သွားရောက်လေ့လာ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် တွေ့ဆုံ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ



**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Naypyitaw State Academy သို့ ရောက်ရှိကြရာ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ Naypyitaw State Academy ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်များအလိုက် အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုစနစ်များဖြင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကိုထိရောက်စွာသင်ကြားနိုင်ရေးအထောက်အကူပြုပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများနှင့် ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများအသုံးပြု၍ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာတွေ့လက်တွေ့သင်ကြားပို့ချနေမှု၊ အခမ်းအနားများနှင့် ဆွေးနွေးဟောပြောပွဲများ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် နိုဗိုစီဗစ်ပညာရေးဝန်ကြီးတို့က နိုဗိုစီဗစ်မြို့သည် ရုရှားနိုင်ငံရှိ သိပ္ပံပညာနှင့် ပညာရေးစင်တာ အကြီးဆုံးမြို့များထဲမှ တစ်ခုအပါအဝင်ဖြစ်မှု၊ နိုဗိုစီဗစ်ဒေသတွင် သိပ္ပံပညာနှင့် အသုံးချသိပ္ပံပညာရပ်များကို လေ့လာသင်ကြားနေသည့် တက္ကသိုလ်ပေါင်း ၅၀ ရှိမှု၊ နိုဗိုစီဗစ်ဒေသရှိ အကြီးဆုံးတက္ကသိုလ်တစ်ခုဖြစ်သည့် နိုဗိုစီဗစ်တက္ကသိုလ်တွင် နယ်ပယ်အသီးသီး၌ အလုပ်လုပ်ကိုင်နေသည့် ကျွမ်းကျင်သူများ၊ စီးပွားရေးဆိုင်ရာနယ်ပယ်များတွင် ဦးစီးဦးဆောင် အလုပ်လုပ်ကိုင်နိုင်သည့် ပညာရပ်များကိုလည်း သင်ကြားပေးလျက်ရှိမှု၊ တေးဂီတအနုပညာဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးသည့် နိုဗိုစီဗစ်အနုပညာတက္ကသိုလ်တစ်ခုတည်ရှိမှု၊ နိုင်ငံခြားသားကျောင်းသားများကိုပညာသင်ကြားနေသည့် အတွေ့အကြုံများရှိရုံသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင်လည်း ပုံစံအမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အတွေ့အကြုံများစွာကိုလည်း သင်ကြားပေးလျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပြီးတွင် သိလိုသည်များကို အပြန်အလှန်ဆွေးနွေးဖြေကြားကြပြီး Naypyitaw State Academy အတွင်းရှိ စာကြည့်တိုက်နှင့် ဓာတုဗေဒလက်တွေ့ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် Naypyitaw State Academy ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာတက္ကသိုလ်များနှင့် နိုဗိုစီဗစ်ဒေသရှိတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်နိုင်ခြေလေ့လာရေးအတွက် နိုဗိုစီဗစ်ဒေသရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဆိုင်ရာတာဝန်ရှိသူများကို မြန်မာနိုင်ငံသို့စေလွှတ်ရေး၊ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အေအိုင်နှင့် MSME ဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ကျောင်းသား၊ ကျောင်းသူများ အပြန်အလှန်လည်ပတ်ရေး၊ ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့ကို နိုဗိုစီဗစ်ဒေသသို့ လေ့လာရေးခရီးစေလွှတ်ရေး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် အနာဂတ်တွင် နှစ်နိုင်ငံ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သိရသည်။

ညပိုင်းတွင်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။



ညစာစားပွဲသို့ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူတကွ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်းသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော်  နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။



တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေး၊ လေကြောင်းလိုင်းများအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံ၌ နှစ်စဉ်ကျင်းပသည့် ခရီးသွားဖိုရမ်နှင့်ခရီးသွားပြပွဲများတွင် စဉ်ဆက်မပြတ်ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာပါအချက်များအကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ အစားအသောက်နှင့်အချက်အပြုတ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာန ထူထောင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံအမျိုးသားစာကြည့်တိုက်များအကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာအကောင်အထည်ဖော်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒေါ်နုမြဖဲနှင့် ဦးဖြိုးဇော်စိုး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# ဇီဝဗိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်မှုဖွံ့ဖြိုးရေး အားပေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၉)အစည်းအဝေးခန်းမ၌ ဇီဝဗိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်သည့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ ထုတ်လုပ်သော ငှက်သိုက်များ လက်ရှိတွင် တရုတ်နိုင်ငံဈေးကွက်မှ ဝယ်ယူလိုကြောင်း ဆွေးနွေးမှုများအရ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် အချက်အလက်များစုစည်းရယူလိုသည့်အတွက်လုပ်ငန်းရှင်များကိုယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဇီဝဗိုးငှက်မွေးမြူပြီး ငှက်သိုက်ထုတ်လုပ်၍ ပြည်ပပို့ကုန်အနေဖြင့် တင်ပို့ရာတွင် သက်ဆိုင်ရာနိုင်ငံ၏စံသတ်မှတ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်၍ မိမိနိုင်ငံမှ ထုတ်လုပ်သည့် ပို့ကုန်များ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးပြည့်ဝစွာထုတ်လုပ်၍ ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းကြရန် လုပ်ငန်းရှင်များအပိုင်းက လိုအပ်သည်များတင်ပြနိုင်ရေးကိုလည်း ဆွေးနွေးလိုခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငှက်သိုက်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းလည်ပတ်နေမှု၊ ထုတ်လုပ်မှုနှင့်တင်ပို့ရောင်းချနေမှု၊ ဈေးကွက်ချဲ့ထွင်နိုင်မှုအလားအလာများကို တင်ပြကြရာ ဦးစီးဌာနတာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်များတင်ပို့ရာတွင် The General Administration of Customs of the People’s Republic of China (GACC) သို့ မှတ်ပုံတင်ရမည့်လုပ်ငန်းစဉ်များနှင့် အခြားဒေသတွင်းနိုင်ငံများ၏ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၁၃၁ မိုင်အနီးရှိစိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာအား ပုဂ္ဂလိကလုပ်ငန်းရှင်က ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် သီဟိုဠ်စိုက်ခင်းတွင် မြေပြန့်ကော်ဖီ (ရိုဘက်စတာကော်ဖီ) စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ပင်လယ်ရေမျက်နှာပြင်မှအမြင့်ပေ ၂၅၀၀ နှင့်အောက်ရှိ မြေပြန့်ဒေသများတွင် စီးပွားဖြစ်စိုက်ပျိုးနိုင်သည့် ရိုဘက်စတာကော်ဖီကို အမြဲစိမ်းလန်းပြီး အရိပ်ရသည့် သရက်၊ သီဟိုဠ်၊ မက္ကာဒေးမီးယားနှင့် ရော်ဘာစိုက်ခင်းများတွင် တွဲဖက်စိုက်ပျိုးနိုင်ကြောင်း၊ ဈေးကွက်ရှိသော သီးနှံဖြစ်၍ မြေနိမ့်ကော်ဖီစိုက်ပျိုးလုပ်ကိုင်လိုသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာအပါအဝင် အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ


# မြန်မာနိုင်ငံနှင့်အီဂျစ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော်  နိုဝင်ဘာ ၃

မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိလယ်ယာစိုက်ပျိုးရေးနှင့်မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန၌ အောက်တိုဘာလ ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာကို အီဂျစ်လယ်ယာစိုက်ပျိုးရေးနှင့် မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာမိုစတာဖာအယ်လ်ဆာယက်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က အီဂျစ်စိုက်ပျိုးရေးနှင့်မြေယာပြုပြင်ပြောင်းလဲရေးဝန်ကြီး မစ္စတာ အလာဖာရော့နှင့် အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင်ရှိန်တို့ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းသည် မြန်မာ-အီဂျစ်ဆက်ဆံရေးအတွက် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ၁၉၉၄ ခုနှစ်တွင် မြန်မာနှင့် အီဂျစ်တို့ ပထမဆုံးလက်မှတ်ရေးထိုးခဲ့သော စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ(MoU)၏ ဒုတိယမြောက်လက်မှတ်ရေးထိုးမှုဖြစ်သည်။



နားလည်မှုစာချွန်လွှာတွင် စိုက်ပျိုးရေးနည်းပညာဖလှယ်ရေး၊ စွမ်းရည်မြှင့်တင်ရေး၊ သုတေသနပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကဲ့သို့ နယ်ပယ်များ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လယ်ယာထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ကာ နှစ်နိုင်ငံအကြား ရေရှည်လက်တွဲဆောင်ရွက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အီဂျစ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ခတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့် စိုက်ပျိုးရေးသွင်းအားစုများ တင်ပို့ရန်နှင့် မြန်မာနိုင်ငံမှ အီဂျစ်သို့ ပဲမျိုးစုံ၊ ဆန်နှင့် ပင်လယ်စာအပါအဝင် အခြားထုတ်ကုန်များတင်ပို့ရန် ဆွေးနွေးမှုများလည်း ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံစိုက်ပျိုးရေးဦးစီးဌာနနှင့် အီဂျစ်နိုင်ငံ စိုက်ပျိုးရေးဗဟိုသုတေသနဌာနတို့ပူးပေါင်း၍ ချည်မျှင်အလွန်ရှည်ဝါ၊ အာလူးအပါအဝင် အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်သင်တန်းသားများစေလွှတ်ရေး၊ စိုက်ပျိုးရေးပညာရှင်များ အပြန်အလှန်စေလွှတ်ရေးနှင့် EICA သင်တန်းများတက်ရောက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# မီးထွန်းအလှ ခြိမ့်ခြိမ့်သဲ တန်ဆောင်မုန်းလရာသီပွဲ

ကိုဘုန်း(ထုတ်လုပ်)

သာမညဖလအခါတော်နေ့၊ တန်ဆောင်တိုင်မီးထွန်းပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပွဲ၊ ပုံသကူပစ်ပွဲ၊ မဲဇလီဖူးသုပ်ဝေငှသောပွဲ၊ ကျီးမနိုးပွဲနှင့် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲ စသည့်ပွဲတော်တို့သည် တန်ဆောင်မုန်းလတွင် ကျင်းပသောကြောင့် တန်ဆောင်မုန်းလသည် မြန်မာတို့၏ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာယုံကြည်သက်ဝင်မှုများဖြင့် ပြည့်နှက်နေသည်။ မြန်မာပြက္ခဒိန်၏ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် ရှစ်လမြောက်လဖြစ်ပြီး "တန်ဆောင်မုန်း" ဟူသောဝေါဟာရကို ရှေးခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်"ဟု ရေးထိုးကြသည်။ ရွှတ်ဆိုခေါ်ဝေါ်ရာ၌မူကား "တန်ဆောင်မှုန်း"ဖြစ်၏။ ၎င်းမှ တန်ဆောင်မုန်းသို့ ရွေ့လျားလာခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ "တန်ဆောင်"မှာ "မီးတိုင်"၊ "မှုန်း"မှာ "ပျံ့နှံ့စေခြင်း"ဟု အဓိပ္ပာယ်ရပြီး ထိုဝေါဟာရနှစ်ခုပေါင်းလိုက်လျှင် "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်"ဟုဆိုလိုသည်။ တန်ဆောင်မုန်းလအကြောင်းကို "တန်ဆောင်မုန်းဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး"ဟု ကင်းဝန်မင်းကြီးက သံပေါက်လင်္ကာဖြင့်ဖွဲ့ဆိုခဲ့သည်။ တန်ဆောင်မုန်းလတွင် ကြတ္တိကာနက္ခတ်နှင့်ကြယ်တာရာတို့သည် လနှင့်ယှဉ်ကာထွန်းလင်းကြပြီး ရာသီအားဖြင့် ဗြိစ္ဆာဟုခေါ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ရာသီရုပ်မှာ ကင်းမြီးကောက်ရုပ်ဖြစ်သည်။ တန်ဆောင်မုန်းလသည် မိုးတွင်းကာလ ကုန်ဆုံးသည့်အချိန်ဖြစ်၍ "မိုးလအဆုံးတန်ဆောင်မုန်း"ဟူ၍ဆိုလေ့ရှိကြသကဲ့သို့ လယ်ယာစိုက်ခင်းများတွင် စပါးကောက်နှံများ၏ စပါးသင်းရနံ့တို့မှာလည်း သင်းပျံ့မွှေးကြိုင်နေသည်ကိုမြင်တွေ့ရသဖြင့် တောင်သူလယ်သမားများရွှင်မြူးပြုံးပျော်ကြသည့်အတွက် "တောင်သူရွှင်ပြုံး တန်ဆောင်မုန်း"ဟုဆိုကြသည်။

**"သာမညဖလ"သုတ္တန်တရားကို ဟောကြားတော်မူသောနေ့**

မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့၌ "သာမညဖလ"သုတ္တန်တရားကို ဟောကြားတော်မူသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလ အခါတော်နေ့"အဖြစ် သတ်မှတ်ကျင်းပခဲ့ကြလေသည်။ "သာမညဖလ"၏အဓိပ္ပာယ်မှာ "ရဟန်းပြုရခြင်း၏အကျိုး"ဟုအဓိပ္ပာယ်ရသည်။ အဇာတသတ်ဘုရင်သည် အသိဉာဏ်နုစဉ်က ဒေဝဒတ်၏စည်းရုံးမှုကိုခံရ၍ ဒေဝဒတ်ကိုအထင်ကြီးကာ ကိုးကွယ်ဆည်းကပ်မိပြီး ဆရာတင်မှားမှုကြောင့် ဖခင်ဘုရင်ကြီးဗိမ္ဗိသာရကို သတ်မိသည်အထိ အမှားကြီးမှားခဲ့သည်။ အဇာတသတ်သည် ဖခင်ဘုရင်ကြီးဗိမ္ဗိသာရကို သတ်မိသည့်အချိန်မှစ၍ ညတိုင်းအိပ်မပျော်သောရောဂါဝေဒနာစွဲကပ်တော့သည်။ အဆိုပါဝေဒနာကို ပျောက်ကင်းအောင် မည်သည့်သမားတော်၊ မည်သည့်ဆေးစွမ်းကောင်းမှမစွမ်းနိုင်ဖြစ်နေသည်။ တန်ဆောင်မုန်းလပြည့်ညတစ်ညတွင် အဇာတသတ်မင်းသည် မှူးမတ်ပေါင်းစုံညီဖြင့် ညီလာခံသဘင်ဆင်ယင်ကျင်းပနေစဉ် "ယခုကဲ့သို့ သာယာလှပသောညချမ်းမှာ အဘယ်ပညာရှိ ရဟန်းပုဏ္ဏားကိုဖြင့် ချဉ်းကပ်ရလျှင် ကိုယ်တော်မြတ်၏စိတ်တော်ကြည်လင်နိုင်မည်နည်း"ဟုမေးသောအခါ မှူးကြီးမတ်ကြီးများက သူတို့နီးစပ်ရာ တိတ္ထိဆရာကြီးခြောက်ယောက်၏နာမည်များနှင့် ၎င်းတို့ကျင့်ကြံသောအယူဝါဒများကို ပြောပြကြသည်။

အဇာတသတ်မင်းသည် အမတ်ကြီးတို့၏တင်ပြချက်ကိုလက်မခံဘဲ ဆရာဇီဝကကို မေးတော်မူရာ ဆရာဇီဝက၏အကြံပေးချက်အရ မြတ်စွာဘုရားရှင်ထံသို့ချဉ်းကပ်ရန် ဆရာဇီဝကကို စီစဉ်စေသည်။ အဇာတသတ်မင်းဘုရားရှင်ထံ ဖူးမြော်ရန်သွားသောအချိန်သည် တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်ဖြစ်သည်။ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့အနီး ဇီဝကသရက်ဥယျာဉ်၌ သီတင်းသုံးလျက်ရှိရာ အဇာတသတ်ဘုရင်က ဘုရားရှင်ထံခွင့်ပန်ပြီး သူသိလိုသောအကြောင်းအရာများကို လျှောက်ထားလေသည်။ **"အရှင်ဘုရား လောကမှာ အင်္ဂါရသဆယ့်ရှစ်ရပ် စသော အတတ်ပညာတို့သည် မျက်မှောက်လက်ငင်းအကျိုးတရားကို ခံစားရရှိနိုင်သည်။ ရဟန်းပြုခြင်းဖြင့် မျက်မှောက်လက်ငင်းအကျိုးတရားကို ခံစားရရှိနိုင်ပါသလားဘုရား"**ဟု မေးမြန်းလျှောက်ထားရာ ဘုရားရှင်က သာမညဖလတရားတော်ကိုဟောကြားတော်မူသည်။ ရဟန်းပြုသဖြင့် မျက်မှောက်လက်ငင်းရနိုင်သောအကျိုးတို့မှာ **မင်းခစားဘဝနှင့် မင်းပြစ်မင်းဒဏ်မှကင်းလွတ်ရခြင်းအကျိုး၊ အခွန်ထမ်းဆောင်ခြင်းမှကင်းလွတ်ရခြင်းအကျိုး၊ သီလနှင့်ပြည့်စုံသဖြင့် အပါယ်လေးပါးမှကင်းဝေးရခြင်းအကျိုး၊ ဒုစရိုက်တရားတို့ကို ရှောင်ကြဉ်သဖြင့် ဒုစရိုက်ဒုက္ခမှ ကင်းလွတ်ရခြင်းအကျိုး၊ ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသော စကားအမျိုးမျိုးတို့မှရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်ရခြင်းအကျိုး၊ နက္ခတ်၊ ဗေဒင်၊ ယတြာ ဆေးကုပေးခြင်း စသည်တို့မှရှောင်ကြဉ်သဖြင့် အာဇီဝပါရိသုဒ္ဓိသီလနှင့်ညီညွတ်၍ မဟာသီလနှင့်ပြည့်စုံရခြင်းအကျိုး၊ ဣန္ဒြေခြောက်ပါးလုံး အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်းအကျိုး၊ သတိနှင့်ပြည့်စုံခြင်းအကျိုး၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံခြင်းအကျိုး၊ စားဝတ်နေရေးရောင့်ရဲနိုင်ခြင်းအကျိုး၊ နီဝရဏငါးပါးမှကင်းလွတ်ရခြင်းအကျိုး၊ ဈာန်တရားများရရှိနိုင်ခြင်းအကျိုး၊ ဝိဇ္ဇာဉာဏ်ရှစ်ပါးနှင့်ပြည့်စုံ၍ မဂ်ဖိုလ်ရခြင်းအကျိုး** စသည့်အကျိုးတရားတို့သည် သာမညဖလခေါ် ရဟန်းပြုသဖြင့် မျက်မှောက်လက်ငင်းရရှိနိုင်သောအကျိုးတရားတို့ဖြစ်ကြသည်။

အဇာတသတ်မင်းသည် တရားတော်ကိုနာကြားရသည့်အတွက် အိပ်မပျော်သောရောဂါလုံးဝပျောက်ကင်းသွားသည်။ ရတနာသုံးပါးအပေါ် နှစ်နှစ်ကာကာယုံကြည်သွားပြီး ပုထုဇဉ်တို့တွင် ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်အဖြစ် တေဒဂ်ပေးခြင်းခံရသည်။ ဘုရားရှင်၏ဓာတ်တော်များကို စုဆောင်းသိမ်းဆည်း၍ဓာတ်တော်တိုက်တည်ထားခဲ့ပြီး အဇာတသတ်မင်းသည် ပထမသင်္ဂါယနာတင်ဒါယကာအဖြစ်ခံယူခဲ့သည်။ ဖခင်ဘုရင်ကြီးဗိမ္ဗိသာရကို သတ်မိသောအပြစ်ရှိသော်လည်း မဟာအဝီစိငရဲ၌ မကျတော့ဘဲ၊ လောဟကုမ္ဘီငရဲငယ်၌သာခံစားရပြီး နောင်အနာဂတ်ကာလ၌ "ဝိဇိတာဝီ"အမည်ဖြင့် ပစ္စေကဗုဒ္ဓါတစ်ပါးဖြစ်ကာ ကျွတ်တမ်းဝင်မည်ဖြစ်သည်။



**သင်္ကန်းမှာ ကထိန်၊ စုပေါင်းမဟာဘုံကထိန်**

မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်တို့သည် "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာကထိန်"ဟူ၍ ဆိုရိုးပြုကာ၊ "ကထိန်သင်္ကန်း ကပ်လှူခြင်း"ကို အထွတ်အမြတ်ထားလေ့ရှိကြပြီး "ကထိန်"ဟူသော ဝေါဟာရသည် ပါဠိဘာသာစကား "ကထိန"မှ ဆင်းသက်လာပြီး "မြဲမြံခိုင်ခံ့ခြင်း"ဟူသော အနက်ရှိသည်။ တန်ဆောင်တိုင်ပွဲကို ဗုဒ္ဓဘာသာမြန်မာရှေးမင်းအဆက်ဆက်တို့သည် ပွဲတော်အချိန်အခါတွင် မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ ထီးရုံနန်းရုံ၊ မှူးကြီးမတ်ရာ၊ သေနာပတိ၊ မင်းမိဖုရားတို့နှင့် တူရိယာမျိုးစုံတီးမှုတ်လျက် ထီးစဉ်နန်းဆက် "မဟာအသဒိသအတုလသဘင်"ပွဲကြီးဆင်ယင်၍ လှူဒါန်းကြသည်။ ယခုခေတ်ကာလတွင်မူ တန်ဆောင်တိုင်ပွဲတော်ကို ဘုံကထိန်အဖြစ် စုပေါင်းလှူဒါန်းကြပြီး ထိုဘုံကထိန်အတွက် မိမိတို့တတ်အားသမျှ လှူဖွယ်ပစ္စည်းများကို ပဒေသာပင်များဆင်ယင်၍ မဲကျရာဘုန်းတော်ကြီးကျောင်းတိုက်သို့ လှူဒါန်းကြသည်။ ပဒေသာပင်များတွင် ဝတ္ထုငွေများကို ဗုဒ္ဓဘုရား၏ပုံတော်များ၊ ဘုရားစေတီတော်ပုံများ၊ ဘုံပြာသာဒ်များ၊ သံဃာတော်တို့အသုံးပြုသည့် ပရိက္ခရာရှစ်ပါးပစ္စည်းများ၊ ဘုန်းတော်ကြီးကျောင်းအတွင်း လိုအပ်မည့်လှူဖွယ်ဝတ္ထုများကို စုံလင်စွာအလှဆင်၍ မြို့လယ်လမ်းမများတွင် ခင်းကျင်းပြသထားသည်မှာ မြင်ရသူအဖို့ စိတ်နှလုံးအေးချမ်းကြည်နူးစေပါသည်။

**ဆက်ကပ်လှူဒါန်း မသိုးသင်္ကန်း**

မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင်ရှိခဲ့သည်။ မိထွေးတော်ဂေါတမီအမှူးပြုသည့်နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုး၊ ရက်ကန်းစင်တွင် ရက်လုပ်၊ သင်္ကန်းချုပ်ခြင်းလုပ်ငန်းတို့ကို ညတွင်းချင်းအပြီး ဆောင်ရွက်ခဲ့ကြသည်။ နံနက်ငါးနာရီမထိုးမီ မြတ်ဗုဒ္ဓအား မသိုးသင်္ကန်း (ကထိန်သင်္ကန်း) ဆက်ကပ်လှူဒါန်းနိုင်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအလေ့အထသည် မျက်မှောက်ကာလအထိ ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။ နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်အပါအဝင် တန်ခိုးကြီးဘုရားများတွင် မြတ်စွာဘုရားအတွက် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းကြရန် ရက်ကန်းစင်များဖြင့် ပြည့်လျက်ရှိသည်။ နေ့ကူးသွားလျှင် ရက်လုပ်ထားသော ထိုသင်္ကန်းကို မသိုးသင်္ကန်းဟုမခေါ်ဆိုနိုင်တော့ပေ။ ထို့ကြောင့် ရက်ကန်းရက်လုပ်ကြသည့် လှပျိုဖြူလေးများသည် ချွေးတလုံးလုံးဖြင့် တစ်ညလုံး မမောမပန်းရက်လုပ်ကြရသည်။

**ဆေးပေါင်းခတဲ့ညနှင့် မီးပုံးပျံပွဲ**

တန်ဆောင်မုန်းလ၏ မိုးလေကင်းလွတ်သော ညချမ်းတွင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်းပစ်ဖောက်ပူဇော်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။ တန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓအားရည်မှန်းကာ မီးပုံးပျံများပုံစံအမျိုးမျိုးပြုလုပ်၍ လွှတ်တင်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပကြပြီး မိမိတို့နေအိမ်များတွင်လည်း မြတ်စွာဘုရားအား ရည်မှန်းပြီး ဆီမီးပူဇော်လှူဒါန်းကြသည်။ ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်အား လာရောက်ခစားကြသည်ဟုဆိုသည်။ ထို့ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည်ဟုလည်း ယုံကြည်ယူဆလျက် မဲဇလီဖူးသုပ်ကာ ဝေငှအလှူအတန်းပြုကြသည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့် ည ၁၂ နာရီတိတိအချိန်ကို ဆေးပေါင်းခသည့်ည၏ အစွမ်းထက်ဆုံး၊ အမြင့်မားဆုံးအချိန်အဖြစ်သတ်မှတ်ကာ မြန်မာတိုင်းရင်းဆေးဆရာကြီးများသည် ဆေးဝါးမျိုးစုံဖော်စပ်လေ့ရှိကြသည်။

**ပုဂ္ဂိုလ်စွဲမထားဘဲ လိုအပ်သလိုအသုံးပြုနိုင်စေရန် လှူဒါန်းသောပုံသကူ**

တန်ဆောင်မုန်းလပြည့်ညတွင် ပုံသကူပစ်ပွဲအလှူဒါနများကိုလည်း ပြုလုပ်ကြသည်။ ပုံသကူဟူသောဝေါဟာရသည် ပါဠိဘာသာ "ပံ့သကူလ"မှ ဆင်းသက်လာခြင်းဖြစ်သည်။ အနီးစပ်ဆုံး အဓိပ္ပာယ်သည် ပိုင်ရှင်မဲ့ပစ္စည်းဖြစ်ပြီး တွေ့ရှိသူကအလိုရှိသလို သုံးစွဲနိုင်သောပစ္စည်းဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ပုံသကူပစ်ခြင်းသည် ပစ္စည်းဥစ္စာပြည့်စုံသူများက ချို့တဲ့သူများ၊ မပြည့်စုံသူများအတွက်ရည်ရွယ်ကာ ပုဂ္ဂိုလ်စွဲမထားဘဲ လိုအပ်သလိုအသုံးပြုနိုင်စေရန် လှူဒါန်းခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ရာသီဥတုသာယာကောင်းမွန်သည့် တန်ဆောင်မုန်းလသည် သာမညဖလအခါတော်နေ့၌ သာမညဖလသုတ်ပါဠိတော်ကို ရွတ်ဖတ်ခြင်း၊ ဘုရားရှင်အားဆီမီး၊ ပန်းများပူဇော်ခြင်း၊ ကထိန်သင်္ကန်းကပ်လှူခြင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း၊ ပုံသကူပစ်ပွဲအလှူဒါနများပြုလုပ်ခြင်း စသည့်ကုသိုလ်ကောင်းမှုများ၊ အလှူဒါနများပြုလုပ်ကြခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့အတွက် လထူးလမြတ်ပင်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

# (၅၅) ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာလှည်းယဉ်ကျေးပြိုင်ပွဲနှင့်နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့်ကျင်းပသည့် လှည်းယဉ်ကျေးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြို့မအားကစားကွင်း၌ ပြုလုပ်သည်။

ဆုချီးမြှင့်ပွဲသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသောလူမှုအဖွဲ့အစည်းဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရိုးရာ လှည်းယဉ်ကျေးနှင့် နွားအလှပြိုင်ပွဲနောက်ဆုံးနေ့ ဗိုလ်လုပွဲစဉ်ကို ကျင်းပရာ သပြေချောင်းလှည်းယဉ်ကျေးက ပထမ၊ ရွှေဆည်သား လှည်းယဉ်ကျေးက ဒုတိယ၊ ညောင်ငါးပင် (ဥသျှစ်ကုန်း) လှည်းယဉ်ကျေးက တတိယနှင့် ကျားညီနောင်-၂ လှည်းယဉ်ကျေးက အထူးဆုရရှိကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အထူးဆုရရှိသည့် ကျားညီနောင်-၂လှည်းယဉ်ကိုနေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဂုဏ်ပြုမှတ်တမ်းနှင့်ငွေကျပ် ၁၀ သိန်းအားလည်းကောင်း၊ တတိယဆုရရှိသည့် ညောင်ငါးပင် (ဥသျှစ်ကုန်း) လှည်းယဉ်ကို နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဂုဏ်ပြုမှတ်တမ်းနှင့်ငွေကျပ်သိန်း ၃၀ အားလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရွှေဆည်သားလှည်းယဉ်ကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဂုဏ်ပြုမှတ်တမ်းနှင့်ငွေသားဆုကျပ်သိန်း ၄၀ အားလည်းကောင်း၊ ပထမဆုရရှိသည့် သပြေချောင်းလှည်းယဉ်ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဂုဏ်ပြုမှတ်တမ်းနှင့်ငွေကျပ်သိန်း ၅၀ အား လည်းကောင်း၊ တံခွန်စိုက်ဆုဖလားအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ကျန်ပြိုင်ပွဲဝင်လှည်းယဉ်များကို နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဗိုလ်ဝင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေကျပ်ငါးသိန်းစီ ချီးမြှင့်သည်။

မြန်မာ့ရိုးရာလှည်းယဉ်ကျေးနှင့် နွားအလှပြိုင်ပွဲကို နိုဝင်ဘာလ ၁ ရက်မှ ၃ ရက်အထိကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လှည်းယဉ် ၂၈ စီး ပါဝင်ယှဉ်ပြိုင်ကြသည်။

မြန်မာ့ရိုးရာ လှည်းယဉ်ကျေးပြိုင်ပွဲကို ၂၀၂၄ ခုနှစ်တွင် ကျင်းပသည့် (၅၄)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်မှစ၍ ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလှည်းယဉ်ကျေးကို ပုဂံခေတ်ကတည်းက စတင်အသုံးပြုလာခဲ့ကာ အလှူမင်္ဂလာပွဲများ၊ မင်းခမ်းမင်းနားနှင့် လယ်ထွန်မင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**မြဝတီ**

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားအဖွဲ့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားအဖွဲ့အား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံတွင်ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မသန်စွမ်းအားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ယခင်နှစ်ရရှိခဲ့သည့် ဆုတံဆိပ်များထက်သာလွန်အောင် ပိုမိုကြိုးစားအားထုတ်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ယူဆောင်သွားမည့် ပြိုင်ပွဲသုံးအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ အဖွဲ့ချုပ်ရှိ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အမှုဆောင်များက ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မသန်စွမ်းဘော်လီဘော၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ သေနတ်ပစ်၊ ဘိုစီယာ၊ မျက်မမြင်စစ်တုရင်၊ ဂိုးလ်ဘော(မျက်မမြင်)၊ ဘိုးလင်း၊ တိုက်ကွမ်ဒို အားကစားနည်းများအလိုက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ အားကစားနည်းများအလိုက် ယခင်ပြိုင်ပွဲများ၏ရွှေစံချိန်/ စံနှုန်းများထက် ပိုမိုသာလွန်ကောင်းမွန်နေမှုအခြေအနေများ၊ ကျန်းမာရေးစစ်ဆေးမှုများ၊ စားသောက်နေထိုင်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲဝင်ဝတ်စုံ/ အထောက်အကူပြုပစ္စည်းထောက်ပံ့မှုများနှင့်ပြိုင်ပွဲအတွက် လိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# (၁၀၅) နှစ်မြောက် အမျိုးသားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်ပြီးစီးခဲ့သည့် နန်းကွေ့ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကျင်းပ



**မြစ်ကြီးနား နိုဝင်ဘာ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအတွင်း (၁၀၅)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နန်းကွေ့ချောင်းပေါ်၌ တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး နန်းကွေ့ကျေးရွာနှင့် မော်ဖောင်းကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည် ၃၂၄ ပေရှိ နန်းကွေ့ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်းကွေ့ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ ကျေးရွာအတွင်းနေထိုင်လျက်ရှိသည့် လော်ဝေါ်၊ လာချိဒ်၊ လီဆူနှင့် ရဝမ်တိုင်းရင်းသားများ တက်ရောက်ကြကာ လော်ဝေါ်ရိုးရာအကအလှများ၊ တံတားသစ်ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက်တံတားသစ်ဖွင့်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ဖွင့်လှစ်သည့် တံတားသစ်သည် မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိဥယျာဉ်ခြံမြေများနှင့် လယ်မြေဧက စုစုပေါင်း ၆၂၃ ဧကသို့ သွားရောက်နိုင်မည့်အပြင် ပမ္မတီး-ပြည်ထောင်စုလမ်းနှင့်လည်း ချိတ်ဆက်ပြီး သွားလာနိုင်မည်ဖြစ်သည့်အတွက် လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တံတားသစ်ဖွင့်ပွဲအတွက် သိက္ခာတော်ရဆရာ ဦးဂမ်အောင်က ကျေးဇူးတင်စကားပြောကြားပြီး ဒေသခံရပ်မိရပ်ဖများက တံတားသစ်ရရှိသည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဗဟိုအကြံပေးအဖွဲ့ဝင်ဒေါ်ခွဲဘူတို့ထံ ရိုးရာမဂ္ဂန်းရှလစ် (သစ်သီးပလိုင်း)ကို လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ယင်းနောက် တံတားသစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ဗဟိုအကြံပေးအဖွဲ့ဝင်ဒေါ်ခွဲဘူ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြကာ တိုင်းရင်းသားများ၏ရိုးရာတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နန်းကွေ့ကျေးရွာအတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက်အုတ်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် YYY (ဝိုင်သုံးလုံး) အဆင့်မြင့်အုတ်ရောင်းဝယ်ရေးလုပ်ငန်းစက်ရုံသို့သွားရောက်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။



ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ခွဲဘူနှင့်တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ ပြည်ထဲရေးဝန်ကြီးဌာနအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲသို့တက်ရောက်ကြပြီးသွေးလှူဒါန်းပေးနေကြသည့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ ခွန်အားဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအကြံပေးအဖွဲ့ဝင်က တပ်မတော်ဆေးရုံအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းပြီး သွေးအလှူရှင်များအား ဆေးတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တောင်သူဝင်ငွေတိုးစေဖို့ မတ်ပဲသီးနှံစိုက်ပျိုးကြပါစို့

ခင်တနင်္သာရီ

မတ်ပဲသည် မြန်မာနိုင်ငံ၏အရေးကြီးသော ဆောင်းသီးနှံတစ်မျိုးဖြစ်သည်။ မတ်ပဲသည် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး စိုက်ပျိုးရန်လွယ်ကူသော သီးနှံလည်းဖြစ်သည်။ မတ်ပဲတွင် ဗီတာမင်၊ ပရိုတင်း၊ သတ္တုဓာတ် စသည့်သက်စောင့်ဓာတ်အမြောက်အမြားပါဝင်နေသောကြောင့် လူသားတို့ကျန်းမာရေးအတွက် အရေးပါသောပဲတစ်မျိုးဖြစ်သည်။ ထို့ပြင် ပဲစိုက်ပျိုးခြင်းအားဖြင့် မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိများကိုကောင်းမွန်အောင်ပြောင်းလဲဖြည့်တင်းဆောင်ရွက်ပေးနိုင်ခြင်းများကြောင့် မြေဆီလွှာ၏ကျန်းမာရေးအတွက်လည်း ကောင်းစွာအထောက်အကူပြုသောသီးနှံဖြစ်သည်။ မတ်ပဲ၏မူရင်းဒေသမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကတည်းက စိုက်ပျိုးလာခဲ့ကြသည့် ဒေသထွက်ကုန်ကောက်ပဲသီးနှံတစ်မျိုးဖြစ်သည်။ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့၏ ဟင်းလျာများထဲတွင် မတ်ပဲသည် မပါမဖြစ်ဟင်းလျာတစ်ခွက်ဖြစ်သည်။ မတ်ပဲအား ပြည်တွင်း၌ ပဲပင်ပေါက်၊ ပဲဟင်း၊ ဗယာကြော်၊ ပါပရာ၊ တိုရှည်၊ ပဲမုန့် စသည့်စားသောက်ကုန်များပြုလုပ်၍ စားသုံးကြသော်လည်း အများအားဖြင့်ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး နိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေပေးသော ပဲသီးနှံတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် မတ်ပဲစိုက်ပျိုးသည့်ဧရိယာစုစုပေါင်း ၂၄၅၄၇၇၇ ဧကခန့်ရှိပြီး အများဆုံးစိုက်ပျိုးသည့် ဒေသများမှာ ဧရာဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ကြသည်။ မတ်ပဲစိုက်ပျိုးဧရိယာ၏ ၉၀ ရာခိုင်နှုန်းကို အောက်မြန်မာပြည်တွင် စိုက်ပျိုးကြပြီး စိုက်ဧရိယာအများစုသည် စပါးအပြီး သီးထပ်အနေဖြင့် စိုက်ပျိုးကြခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် တနင်္သာရီတိုင်းဒေသကြီးသည် အပူချိန်ပျမ်းမျှ ၃၇ ဒသမ ၇ ဒီဂရီစင်တီဂရိတ်နှင့် မိုးရေချိန်ပျမ်းမျှ ၁၈၀ လက်မခန့်ရွာသွန်းသည့်ဒေသဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးစပါးစိုက်ဧက ၂၂၃၉၆ ဧကနှင့် နွေစပါးစိုက်ဧက ၈၀၆၉ ခန့်စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်ဧရိယာများမရှိသော်လည်း မိုးကောင်းသောက်စပါးစိုက်ဧရိယာများအနက်မှ မိုးစပါးရိတ်သိမ်းပြီးချိန်တွင် အစိုဓာတ်ရရှိနိုင်ရာ လယ်မြေများ၌ နွေစပါးကို အဓိကထားစိုက်ပျိုးခဲ့ကြပြီး ကျန်ရှိသည့်နေရာများ၌ ပဲစိုက်ပျိုးမှုကို ဆောင်ရွက်ခဲ့ရာ ယခင် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၌ မတ်ပဲသီးနှံစိုက်ပျိုးမှု ၁၁၂၆ ဧကခန့်ရှိရာမှ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ၏လမ်းညွှန်ချက်များအရ ယခုနှစ် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မတ်ပဲစိုက်ဧကပေါင်း ၂၀၃၄ ဧကခန့်အထိ တိုးချဲ့စိုက်ပျိုးဆောင်ရွက်နေပြီဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မတ်ပဲစိုက်ဧရိယာများတိုးတက်ပြီး အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် မတ်ပဲစိုက်ပျိုးလိုသူတောင်သူများအား မတ်ပဲမျိုးစေ့များပေးအပ်ခြင်း၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများအား ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းများဖြင့် မတ်ပဲသီးနှံတိုးချဲ့စိုက်ပျိုးရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

### စိုက်ပျိုးနည်း

မတ်ပဲသီးနှံသည် ပူနွေး၍ခြောက်သွေ့သော ရာသီဥတုကို ကြိုက်နှစ်သက်ပြီး အပူချိန်မြင့်မားခြင်းကိုခံနိုင်ရည်ရှိသော သီးနှံတစ်မျိုးဖြစ်သည်။ အများအားဖြင့် နေရောင်ခြည်ကောင်းစွာရရှိ၍ အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်အကြားရှိသည့် ဒေသများတွင် စိုက်ပျိုးနိုင်ကြသည်။ ရေငတ်ဒဏ်ခံနိုင်ရည်ရှိ၍ တစ်နှစ်ပျမ်းမျှမိုးရေချိန် ၃၆ လက်မအောက် ရွာသွန်းသည့်ဒေသများတွင်လည်းဖြစ်ထွန်းနိုင်သည်။ မိုးများသောဒေသများတွင် ဆောင်းသီးနှံအဖြစ်စိုက်ပျိုးကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၀၀၀ အထိ စိုက်ပျိုးနိုင်သည်။ မိုးများသော မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မတ်ပဲကို မိုးနှောင်းနှင့် ဆောင်းဦးတွင် စိုက်ပျိုးပြီး ဆောင်းနှောင်း၊ နွေဦးတွင် ရိတ်သိမ်းရန်ဆောင်ရွက်ကြသည်။ မတ်ပဲစိုက်ပျိုးမည့်မြေသည် မြေသားနု၍ရေမဝပ်သောမြေကိုကြိုက်နှစ်သက်သည်။ မြေဆီလွှာ၏အချဉ်အငန်ဓာတ် pH ၅.၀ မှ ၇.၀ အတွင်း မတ်ပဲစိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ မြေအချဉ်အငန်ဓာတ် pH ၄.၅ ထက်လျော့နည်းပါက အပင်ဖြစ်ထွန်းမှုအားနည်းနိုင်သည်။ ဆားပေါက်မြေ၊ ထုံးဓာတ်ကဲသည့်မြေမျိုးတို့တွင် မစိုက်ပျိုးသင့်ပါ။ ဆည်ရေသောက်ရှိသည့်ဒေသများတွင် ရေသွင်းစိုက်ပျိုးနိုင်သော်လည်း အများစုမှာ စပါးသီးနှံရိတ်သိမ်းပြီး ကျန်ရစ်သော မြေတွင်းအစိုဓာတ်ကို အားကိုး၍ စိုက်ပျိုးရခြင်းဖြစ်သည်။ စပါးရိတ်သိမ်းချိန် နောက်ကျခြင်းနှင့် အကြောင်းကြောင်းကြောင့် အချိန်မီမစိုက်ပျိုးနိုင်ခဲ့လျှင် သတိပြုရန်မှာ ပန်းပွင့်ပြီး ရင့်မှည့်ခါနီးအချိန်အထိ အစိုဓာတ်လုံလောက်စွာရရှိမှာသာလျှင် မတ်ပဲသီးနှံစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ အပူချိန်မြင့်မား၍ အစိုဓာတ်နည်းပါက လျင်မြန်စွာပန်းပွင့်ပြီး အသီးတင်နည်းခြင်း၊ အသီးအတောင့်ဖြစ်သော်လည်း အစေ့အဆန်မပါတတ်ခြင်း၊ ဖြစ်ထွန်းအောင်မြင်သော သီးတောင့်မှာလည်း အစေ့ပါဝင်မှုနည်းခြင်း၊ အလုံးသေးခြင်းများဖြစ်တတ်သည်။ အပင်ပေါက်စုံရန်အတွက် အစိုဓာတ်မီရန်၊ စိုက်ချိန်မှန်ရန်အရေးကြီးသည်။ သို့ဖြစ်ပါ၍ မြန်မာပြည်အောက်ပိုင်းဒေသများတွင် မတ်ပဲကို ဒီဇင်ဘာလလယ်နောက်ဆုံးထား၍စိုက်ပျိုးကြခြင်းဖြစ်သည်။

### မျိုးရွေးချယ်ခြင်း

မတ်ပဲစိုက်ပျိုးရာ၌ တောင်သူအများဆုံးစိုက်ပျိုးလျက်ရှိသောမျိုးများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထောက်ခံဖြန့်ဖြူးလျက်ရှိသည့် မျိုးကောင်းမျိုးသန့်များနှင့် ဒေသအထွက်ကောင်းမျိုးများကို စိုက်ပျိုးကြသည်။ မျိုးရွေးချယ်ရာ၌ အထွက်နှုန်းကောင်းမျိုးများရွေးချယ်ခြင်း



အပြင် ရောဂါပိုးမွှားဖျက်ဆီးမှုများအနက် ယင်ဖြူပိုးနှင့် အဝါရောင်မိုဆက်ဗိုင်းရပ်ရောဂါများကို ခံနိုင်ရည်ရှိသော မျိုးများကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်သည်။ မတ်ပဲမစိုက်ပျိုးမီ အပင်ပေါက်နှုန်းအားစမ်းသပ်ပြီး အပင်ပေါက်ရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်းနှင့်အထက်ရှိသောမျိုးများကို အသုံးပြုရန်လိုအပ်သည်။ မျိုးစေ့အသုံးပြုရမည့်နှုန်းထားမှာ အတန်းလိုက်စိုက်ခင်းတွင် တစ်ဧက ၆ ပြည်မှ ၈ ပြည်နှုန်း၊ ကြဲပက်စိုက်ခင်းတွင် တစ်ဧက ၁၂ ပြည်နှုန်းခန့် သုံးစွဲရန် လိုအပ်သည်။ မျိုးစေ့များကို မစိုက်မီကြိုတင်ရေစိမ်ပြီး မူလအစေ့အတွင်းအစိုဓာတ်အခြေအနေရအောင် ပြန်လည်အခြောက်ခံပြီးမှ စိုက်ပျိုးခြင်းဖြင့် အပင်ပေါက်လျင်မြန်ခြင်း၊ အပင်ငယ်လျင်မြန်စွာကြီးထွားခြင်း၊ အပင်ငယ်အမြစ်ဖြစ်ထွန်းမှု လျင်မြန်ကောင်းမွန်ခြင်း၊ အထွက်နှုန်းတိုးစေခြင်း စသည့်ကောင်းကျိုးများကိုရရှိစေနိုင်သည်။ မိမိဒေသရှိစိုက်ပျိုးရေရရှိနိုင်မှု၊ မြေအစိုဓာတ်ရရှိမှုအနေအထားအပေါ် မူတည်၍ စိုက်ပျိုးပုံနည်းစနစ်အမျိုးမျိုးကို အသုံးပြုကြသည်။ ရေလိုက်ကြဲစနစ်၊ ခေါ့ခုတ်ဖုံးစနစ်၊ ထွန်ရေးဖြင့်စိုက်သောစနစ် (ထွန်ပဲစနစ်) စသည့်စိုက်ပျိုးနည်းစနစ်များကို အသုံးပြုစိုက်ပျိုးလေ့ရှိသည်။

### မြေအနေအထားနှင့်ရေပေးဝေနည်း

ရေလိုက်ကြဲစနစ်သည် စပါးမရိတ်ခင် စပါးခင်းထဲကြဲပက်စိုက်ပျိုးခြင်းဖြစ်သည်။ စပါးစိုက်ခင်းအတွင်းရှိ သမန်းပြင်အခြေအနေသည် တစ်ရက်၊ နှစ်ရက်အတွင်း ရေခန်းခြောက်မည့်အခြေအနေမှသမန်းပြင်လုံးဝမတင်းခင် အချိန်ကာလကြားတွင် မျိုးစေ့ကိုအားထည့်၍ ပေါက်ကြဲရသည်။ သို့မှသာ မျိုးစေ့များ သမန်းအတွင်းသို့ အနည်းဆုံးအစေ့တစ်ဝက်ခန့် နက်ဝင်သွားကာ အစိုဓာတ်လုံလောက်စွာရရှိပြီး အပင်ပေါက်သေချာမည်ဖြစ်သည်။ ခေါ့ခုတ်ဖုံးစနစ်သည် စပါးရိတ်ချိန်တွင် ရေများလွန်းသဖြင့် ရေလိုက်ကြဲရန်အခက်အခဲရှိသောအခါ စပါးရိတ်ပြီး ခြေနင်းခံလောက်မည့်အချိန် ပဲစေ့အပင်ပေါက်နိုင်သည့်စိုစွတ်နေချိန်တွင် ရိုးပြတ်ထဲသို့ မတ်ပဲစေ့ကိုကြဲချပြီး ရိုးပြတ်များကို ကိုင်းယမ်းခေါ့ဖြင့် ခုတ်လှဲဖုံးအုပ်ပေးခြင်းဖြစ်သည်။ ရေလိုက်ကြဲစနစ်နှင့်ခေါ့ခုတ်ဖုံးစနစ်များတွင် မတ်ပဲမျိုးစေ့နှုန်းကို တစ်ဧကလျှင် ၁၂ ပြည်ခန့်အထိ ပိုမိုကြဲပက်စိုက်ပျိုးရသည်။ ထွန်ရေးဖြင့်စိုက်သောစနစ်(ထွန်ပဲစနစ်)သည် ထယ်ဖြင့်တစ်စပ်နှံစပ်ရန် မြွေ့ရိုးမကျန်အောင်ထယ်ထိုးပြီး ခေါ့ကြမ်းတုံး(ခေါ့စက်)ဖြင့် နှစ်စပ်မောင်းပေးလျှင် ရိုးပြတ်များပြတ်ကာ ဖုံးပြီးဖြစ်၍ အစိုဓာတ်စိတ်ချရသောစိုက်ပျိုးမှုဖြစ်သည်။ စိုက်ပျိုးရာတွင် အတန်းလိုက်စိုက်ပျိုးခြင်းသည် ကြဲပက်စိုက်ပျိုးခြင်းထက် အထွက်နှုန်းပိုမိုကောင်းမွန်စေသည်။

မတ်ပဲစိုက်ပျိုးသူများအနေဖြင့် မတ်ပဲသီးနှံပန်းတိုင်အထွက်နှုန်းတစ်ဧကတင်း ၂၀ ထွက်ရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုသိရှိထားရန် လိုအပ်သည်။ ပထမအချက်အနေဖြင့် ကနဦးမြေယာပြုပြင်စဉ်က တစ်ဧကလျှင် နွားချေးသဘာဝမြေဩဇာတင်း ၁၀၀မှ တင်း ၁၅၀ နေရာနှံ့အောင်ချပါ။ နွားထယ် သို့မဟုတ် ထွန်စက်ကြီးထယ်တစ်စပ် သို့မဟုတ် နှစ်စပ်ထိုးပါ။ မြေခံမြေဩဇာယူရီးယား ၂၈ ပေါင်၊ တီဆူပါ ၇၄ ပေါင်၊ ပိုတက် ၅၆ ပေါင်ကို ရောမွှေကြဲပက်ပါ။ ထို့နောက် ထွန်ရေးသင့်တင့်စွာ ညက်အောင် ထွန်နှစ်စပ်မွှေပေးပါ။ ၎င်းနောက် မတ်ပဲမျိုးစေ့ချပြီး ကြမ်းတုံးရိုက်ပြီး စိုက်ပျိုးရသည်။ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်းများကို မြေ၏အခြေအနေအပေါ်မူတည်၍ လိုအပ်သလို ဆောင်ရွက်ရမည်။ ဒုတိယအချက်အနေဖြင့် မျိုးစုဆောင်းရာတွင် စိုက်မည့်မျိုးအဖြစ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထောက်ခံဖြန့်ဖြူးဆောင်ရွက်လျက်ရှိသည့် ရေဆင်း(၂)၊ ရေဆင်း(၃)၊ ရေဆင်း(၄)၊ ရေဆင်း(၇)၊ ရေဆင်း(၁၁) စသည့် မျိုးကောင်းမျိုးသန့်များ သို့မဟုတ် မိမိဒေသတွင် စိုက်ပျိုးဖြစ်ထွန်းနေသော မျိုးများရှိပါက မျိုးသန့်အဖြစ်ဆောင်ရွက်၍ မျိုးအဖြစ်စိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်ပေးရန်လိုအပ်သည်။ တစ်ဧကရိတ်သိမ်းအပင် ၁၃၀၀၀၀ ရရှိရန် အတန်းလိုက်စိုက်ပါက တန်းကြား ၁၂ လက်မ၊ ပင်ကြား ၄ လက်မထားပြီး မျိုးစေ့နှုန်း ၆ ပြည်မှ ၈ ပြည်နှုန်းခန့်သုံးရန် လိုအပ်သည်။ တတိယအချက်အနေဖြင့် စိုက်ပျိုးခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်သည်။ မတ်ပဲမျိုးစေ့များကို နာရီဝက်ခန့်ရေစိမ်ပြီး ပဲမြစ်ဖုဇီဝမြေဩဇာတစ်ထုပ်နှင့် သမအောင်ရောမွှေစိုက်ပါ။ အပင်ညှိုးသေနှင့် အခြားရောဂါများ မကျရောက်အောင် မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်၍ စိုက်ပျိုးပါ။ အတန်းလိုက်စိုက်ကြောင်းပေးမျိုးစေ့ချပြီး ကြမ်းပြန်အုပ်ပေးရမည်။ အပင်ပေါက်ညီညာ၍ အပင်ပေါက်ကောင်းစေရန် ထယ်ရေးအတွင်း မျိုးစေ့အတိမ်အနက် ၁ လက်မမှ ၂ လက်မအတွင်း ရအောင်စိုက်ပျိုးရမည်။ စိုက်ပြီးလေးရက်ခန့်အကြာတွင် အပင်ပေါက်စုံ၍ အပင်ငယ်စဉ် ၁၅ ရက်သားအတွင်း ပေါင်းမြက်ကင်းစင်အောင်ဆောင်ရွက်ခြင်း၊ ပိုးမွှားများကျရောက်ပါက ပင်လုံးပြန့်အာနိသင်ရှိသော ပိုးသတ်ဆေးနှင့် မှိုရောဂါကျရောက်ပါက မှိုသတ်ဆေးတစ်မျိုးမျိုးကို တစ်ဧကသတ်မှတ်နှုန်းထားအတိုင်း ဖျန်းခြင်းများဆောင်ရွက်ရန်လိုအပ်သည်။

ပဲပင်များကြီးထွားသန်မာဖြစ်ထွန်းရန် N,P,K နှင့် အနည်းလိုအာဟာရဓာတ်များပါဝင်သောရွက်ဖျန်းမြေဩဇာတစ်မျိုးမျိုးကို ၁၅ ရက်ခြား၍ နှစ်ကြိမ်ပက်ဖျန်းပေးရန်လိုအပ်သည်။ ပေါင်းမြက်ကင်းစင်အောင်ဆောင်ရွက်ထားပြီး စိုက်ပြီး ၃၅ ရက်ခန့်အသီးကိုင်းဖူးလေးများ စတင်နီးကြားလာချိန်တွင် အစိုဓာတ်မပြတ်စေရန်၊ အာဟာရဓာတ်မချို့တဲ့စေရန်၊ ပိုးမွှားရောဂါမကျရောက်စေရန် ဂရုစိုက်ရန်လိုအပ်သည်။ ပန်းဖူးပေါ်ပြီး တစ်ပတ်ခန့်အကြာတွင် ပန်းများစတင်ပွင့်လာသည်။ ၄၅ ရက်သားမှ ၆၀ ရက်သားအတွင်း ပန်းဖြိုင်ဖြိုင်ပွင့်၍ ပွင့်အားကောင်းအသီးတောင့်များရရှိစေရန် N,P,K အချိုးပါသောရွက်ဖျန်းမြေဩဇာတွင် ဖော့စဖောရပ်နှင့်ပိုတက်ဆီယမ် ရာခိုင်နှုန်းများသောအသီးအပွင့်ရွက်ဖျန်းမြေဩဇာကို ၁၅ ရက်ခြားနှစ်ကြိမ်ဖျန်းပေးပါ။ သို့မဟုတ် ရေတစ်ဂါလန်တွင် ယူရီးယား ၄ ဒသမ ၅ ဇွန်းနှင့်လက်ချားတစ်ဇွန်းရော၍တစ်ဧကလျှင် ဂါလန် ၂၀ ဖျန်းပါ။ အပင်သက်တမ်း ၆၀ မှ ၇၀ ရက်ခန့်ရှိလာချိန်တွင် တဖြည်းဖြည်း ပဲတောင့်အတွင်းပဲစေ့လေးများဖြစ်ပေါ်လာ၍ ပဲစေ့လေးများပြည့်တင်းကြီးထွားလာချိန် အစာချက်နှုန်းကောင်းရန်နှင့် အရွက်များစိမ်းစိုကျန်းမာစေရန်အတွက် အာဟာရနှင့်အစိုဓာတ်မပြတ်စေရန်အရေးကြီးသည်။ အစေ့အဆန်တည်ချိန် သီးလုံးဖောက်ပိုးနှင့်ထိပ်ပုပ်ရောဂါများကိုလည်းကောင်း၊ သီးနှံသက်တမ်းတစ်လျှောက်လုံး ပိုးမွှားရောဂါကျရောက်မှုများကို **စာမျက်နှာ ၁၀ သို့➤**

➤စာမျက်နှာ ၉ မှအဆက်
စောင့်ကြည့်စစ်ဆေးဆောင်ရွက်ရန် လိုအပ်သည်။ နောက်ဆုံးစတုတ္ထအချက် အနေဖြင့် ရိတ်သိမ်းခြင်းဆောင်ရွက်ရာ၌ စိုက်ပျိုးသောမျိုးနှင့်ပတ်ဝန်းကျင်ရာသီဥတု၊ ထိန်းသိမ်းစောင့်ရှောက်မှုများအပေါ်မူတည်၍ အပင်သက်တမ်း ၇၅ ရက်မှ ရက် ၁၀၀ အတွင်း ရင့်မှည့်လေ့ရှိကြသည်။ အရွက်များဝါခြောက်ပြီး အတောင့်များ၏ ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်း အညိုရောင်သို့ပြောင်းချိန်နှင့် အသီးတောင့်အတွင်း အစေ့မာချိန်၊ ခြောက်သွေ့ချိန်များတွင် ရိတ်သိမ်း၍ နေနှစ်ရက်မှသုံးရက်ခန့်လှန်း၍ ခြွေလှေ့သန့်စင်ပါ။ နေလှန်းပြီး အစိုဓာတ် ၈ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းရှိချိန်တွင် သိုလှောင်နိုင်သည်။

အချုပ်အားဖြင့်မတ်ပဲသည်စိုက်ပျိုးရန် လွယ်ကူပြီး အခြားသီးနှံများထက် ရင်းနှီးမြှုပ်နှံမှုနည်းသော်လည်း အကျိုးအမြတ်များစွာရရှိနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။ မတ်ပဲသည် ပြည်တွင်းဈေးကွက်တွင်သာမက နိုင်ငံတကာဈေးကွက်တွင်ပါ ဝယ်လိုအားမြင့်မားပြီး နိုင်ငံခြားဝင်ငွေရရှိစေနိုင်သောသီးနှံလည်းဖြစ်သည်။ ထို့ပြင် မတ်ပဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကို ပိုမိုကောင်းမွန်စေပြီး နောက်နှစ်တွင် အခြားသီးနှံများစိုက်ပျိုးရာ၌ အထွက်နှုန်း ပိုမိုကောင်းမွန်စေခြင်း၊ ဓာတ်မြေဩဇာများကို လျှော့ချသုံးစွဲနိုင်ခြင်းဖြင့် ဓာတ်မြေဩဇာကုန်ကျစရိတ်များကိုလည်း သက်သာစေနိုင်သည်။ ယခုအချိန်အခါတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် စိုက်ပျိုးသည့်သီးနှံများ ထိခိုက်မှုရှိလာနိုင်ခြင်း၊ ဈေးကွက်အပြောင်းအလဲနှင့် ကုန်ကျစရိတ်များမြင့်မားလာမှုများကြောင့် တောင်သူများ၏ဝင်ငွေမတည်ငြိမ်မှုများဖြစ်ပေါ်လာနိုင်သည်။ သို့ဖြစ်ပါ၍ သီးနှံများစိုက်ပျိုးရာ၌ မူလသီးနှံအပြင် သီးထပ်၊ သီးညှပ်များအနေဖြင့် မတ်ပဲသီးနှံကို စနစ်တကျစိုက်ပျိုးခြင်းအားဖြင့် တောင်သူများဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း မတ်ပဲသီးနှံတိုးချဲ့စိုက်ပျိုးရေးကို အားပေးတိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# တူယှဉ်နွဲပျော် မြိတ်တန်ဆောင်တိုင်ပွဲတော်၌ စည်ကားများပြား

မြိတ် နိုဝင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ Shopping Centerနှင့် SeaView Condo အရှေ့ဘက်၌ နိုဝင်ဘာလ ၂ ရက် ညနေပိုင်းမှစတင်၍ တူယှဉ်နွဲပျော်မြိတ်တန်ဆောင်တိုင်ပွဲတော် ကျင်းပလျက်ရှိရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချပေးခြင်းနှင့် အနုပညာရှင်၊ တေးသံရှင် ဝါသနာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များပါရှိသဖြင့် ပွဲတော်အတွင်း လူစည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (၄၁၂)



# ကြယ်ပေါင်းစုံဖော်တစ်သင်းနှင့် လမင်းကြီးထိန်ထိန်သာ

❖ ကမ္ဘာကျော် မာရဝိဇယ
မြတ်ဗုဒ္ဓ ရုပ်ပွားတော်။
တန်ဆောင်တိုင် သဘင်ခင်းလို့
ကျင်းပပူဇော်။
ရုပ်ပွားမြတ် ဖူးမြော်
ဦးတော်ခိုက် ဝပ်တွား။
နိုင်ငံတစ်ဝန်းဆီက
လူရှင်ရဟန်း လာသမျှအဆွေတို့
သာသနာ့မြေ လှည့်လည်သွားတယ်
များပြားစည်ကား။

❖ ဆီမီးကိုးထောင် ပူဇော်ရင်း
ဝတ်အသင်း သံပြိုင်ညီ
ကုသိုလ်ပြုပြီ။
ကောင်းမှုများ အစီအရီ
အလီလီ ဆုမွန်တောင်း။
အမျှဝေ မေတ္တာဖျန်းတယ်
လန်းဆန်းစေကြောင်း။

❖ ရင်ပြင်ပေါ် နေရာမလပ်
ခြေရာထပ် ပွဲတော်တစ်ခွင်
ကြိတ်ကြိတ်တိုးပင်။
တစ်ခဲနက်ပါပဲ
ဖွဲ့ထက်တဲ့ လက်စွမ်းယှဉ်
ရက်ကန်းစင် စီတန်း။
အမျိုးဆွေသဟာတို့
မသိုးရွှေကြာ မြတ်သင်္ကန်းကို
လှူဒါန်းဖို့မှန်း။

❖ မီးပုံးပျံ လွှတ်တင်ကြ
ကြည့်မြင်ရ ရှုမဝနိုင်
အားပေးကြမြိုင်။
မီးပုံးချင်း ပြိုင်ဆိုင်
အနိုင်ယူဖို့ အားခဲ။
တကြော်ကြော် ငြာသံပေးလို့
ဟစ်ကြွေးသံမစဲ။

❖ လူငယ်လူရွယ် ကလေးများ
ကစားတဲ့ ကွင်းပြင်မှာ။
ကစားစရာ အမျိုးမျိုးမို့
တိုးမပေါက်ပါ။
ပွဲဈေးတန်း သွားလို့သာ
စားဖို့ရာ ဝယ်ဦးမလား။
အဆာပြေ ကိုယ့်အကြိုက်
နှစ်ခြိုက်ရာစား။

❖ မီးရောင်စုံ ထိန်ထိန်လင်းတဲ့
ပွဲခင်းက ဗေထိဆော်
ပွဲကြည့်ဖို့ခေါ်။
ပွဲကြည့်စို့ ရွှင်ပျော်ပျော်
စင်တော်သို့ အရောက်သွား။
အဆိုတော်တွေ ဖျော်ဖြေပေးတဲ့
တေးသံခံစား။

❖ နေပြည်တော် တန်ဆောင်ပွဲ
ခြိမ့်ခြိမ့်သဲ ဆင်နွှဲချိန်။
တန်ဆောင်တိုင် ရောင်စုံရှုန်း
ထွန်းလင်းလို့ထိန်။
မိုးလေက ငြိမ်
တိမ်စင်လို့ မြူကင်း။
ကြယ်ပေါင်းစုံ ဖော်တစ်သင်းရယ်နှင့်
ထိန်ထိန်သာ ဖိုးလမင်း
တောက်ပလို့ဝင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

## MWD Variety Channel
၄-၁၁-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၉:၄၀ စကားလက်ဆုံ
၂။ ၁၀:၂၀ ပွဲတော်ကထိန်မီးထွန်းချိန်နှင့် နွဲကြမြိုင်ဆိုင်လတန်ဆောင်တိုင် (မှတ်တမ်းအစီအစဉ်)
၃။ ၁၁:၄၅ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၄။ ၁၂:၄၅ ဥပဒေမှတ်စု
၅။ ၁၄:၃၅ ဖတ်ပါ မှတ်ပါ လေ့လာပါ
၆။ ၂၁:၃၅ ဒါနအလှူပွဲသဘင် (မှတ်တမ်းအစီအစဉ်)

## MWD Education, Knowledge & Sports Channel
၄-၁၁-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၇:၀၀ – ၀၈:၄၀ Grade – 4 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ
၂။ ၁၅:၃၀ – ၁၆:၅၀ Grade – 4 သင်္ချာ၊ လူမှုရေး၊ သိပ္ပံ
၃။ ၁၆:၅၀ – ၁၇:၅၀ Grade – 5 မြန်မာစာ၊ အင်္ဂလိပ်စာ
၄။ ၁၇:၅၀ – ၁၉:၁၅ Grade – 5 သင်္ချာ၊ လူမှုရေး၊ သိပ္ပံ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်
၄-၁၁-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ Soft Skill
၄။ ၁၀:၀၀ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
၅။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၆။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှား အားကစား
၇။ ၁၇:၀၀ ယဉ်ကျေးလိမ္မာ
၈။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၉။ ၁၉:၀၀ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက် အစီအစဉ်

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲဒုတိယနေ့ ဆက်လက်ကျင်းပ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲကို ယနေ့တွင် ဒုတိယနေ့အဖြစ် သတ်မှတ်နေရာများအလိုက် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌ ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများများပြားလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက်လမ်းကြောင်းများပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးကြပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီးသို့ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ရဟန်းသံဃာတော်များ၊ ဘုရားဖူးပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ၊ စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက်တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးကြသည်။

ထိုသို့ ဘုရားဖူးလာကြသူများအနက်မှ သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များ၊ ဝှီးချဲလ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြုဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကျင်းပမည့်နေရာများ၊ မသိုးသင်္ကန်းရက်လုပ်မည့်နေရာ၊ ဈေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေးအစီအစဉ်နေရာများကိုလည်း အလွယ်တကူသွားရောက်နိုင်ရေးအတွက် တာဝန်ရှိသူများက လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့လာရောက်ကြသည့်ဘုရားဖူးလာရဟန်းရှင်လူပြည်သူများသည် စိတ်အေးချမ်းသာစွာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးကပ်လှူကာဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့တွင် ကုသိုလ်ယူပါဝင်ဆင်နွှဲကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွမ်းလျက်ရှိသည်။

တတိယအကြိမ်မြောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က "တော်ဝင်ရွှေပြည်"၊ ကချင်ပြည်နယ်က "မနောမြေ"၊ ကယားပြည်နယ်က "ကန္တရဝတီ"၊ ကရင်ပြည်နယ်က "ဓွဲကပင်"၊ ချင်းပြည်နယ်က "တောင်ဇလပ်"၊ စစ်ကိုင်းတိုင်းဒေသကြီးက "ရွှေဇေယျာ"၊ တနင်္သာရီတိုင်းဒေသကြီးက " ရွှေဝယ်သီရိ"၊ ပဲခူးတိုင်းဒေသကြီးက " ရှင်စောပု"၊ မကွေးတိုင်းဒေသကြီးက "တော်ဝင်ရတနာ"၊ မန္တလေးတိုင်းဒေသကြီးက "အမရရွှေပြည်"၊ မွန်ပြည်နယ်က "ရာမည"၊ ရခိုင်ပြည်နယ်က " လေးရပ်ဝတီ"၊ ရန်ကုန်တိုင်းဒေသကြီးက "တော်ဝင်ဒဂုံ"၊ ရှမ်းပြည်နယ်က"သုဇာတာ"နှင့် ဧရာဝတီတိုင်းဒေသကြီးက"ရွှေပြည်ဧရာ" စသည့် ရက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ်နေရာအသီးသီးတွင် မြိုင်မြိုင်ဆိုင်ဆိုင် စတင်ယှဉ်ပြိုင်နေကြသည်ကိုလည်း တွေ့မြင်ရသည်။



အဆိုပါပြိုင်ပွဲဖွင့်ပွဲ မစတင်မီနှင့် စတင်ချိန်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖော်ဝေး၊ ဖိုးသောကြာ၊ J Fire၊ ဆုထက်လှိုင်၊ ရဲထိုက်တို့က တေးသီချင်းများဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြား၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး၊ ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့် အနုပညာရှင်များက တန်ဆောင်တိုင်ပွဲတော်ကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် တွဲဖက်၍ ယိမ်းအကအလှများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးလာပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာလွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများဆောင်ရွက်နေသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲစတင်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံများလွှတ်တင်ရန်ပြင်ဆင်ဆောင်ရွက်နေချိန်နှင့် လွှတ်တင်ပူဇော်ချိန်တွင် သက်ဆိုင်ရာပြိုင်ပွဲဝင်အသင်းမှ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများ၊ ယိမ်းအကအလှများနှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ကြည်နူးပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေကြရာ ဘုရားဖူးလာပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညတွင်ဝန်ကြီးဌာနအလိုက်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက "ရင်းနှီး/မြှုပ်နှံပြည့်အားမာန်"၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက "ဒီပပူဇာ"၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက "ခရီးသွားရောင်စဉ်"၊ နိုင်ငံခြားရေးဝန်ကြီးဌာနက "သားကောင်းတမန်ပြည့်အားမာန်"၊ ကျန်းမာရေးဝန်ကြီးဌာနက "အာရောဂျံ"၊ ပညာရေးဝန်ကြီးဌာနက "သုခမိန်"နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက "ပြည့်ဂုဏ်ဆောင်" စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည်။

အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက"သာယာရွှေပြည်"၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက "ပြည်လုံးချမ်းသာ"၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက "တိုးတက်မောင်"၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက "ဖွံ့ဖြိုးကုန်သွယ်နိုင်ငံကြွယ်"၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက "ပန်းခင်းဝေဖြာပြည်သာယာ"၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက "သီးနှံပန်းတိုင်ပြည့်မဏ္ဍိုင် မွေးမြူစိုက်ပျိုးရိက္ခာတိုး" နှင့်စက်မှုဝန်ကြီးဌာနက "စက်မှုအားမာန်"စသည့် မီးပုံးပျံအမည်များဖြင့် အောင်မြင်စွာလွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်အသင်းများက ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် အလှညမီးကြီးများ၊ စိန်နားပန်မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာလွှတ်တင်ပူဇော်ချိန်တွင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မိုးယံထက်၌ ရောင်စုံအလှ မီးရှူးမီးပန်းများ ယှက်ဖြာလင်းလက်ပြီး ရောင်စုံလွှမ်း၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောင်စုံမီးအလင်းတန်းများဖြင့် ညွှတ်တွားပူဇော်နေကြသည့်မြင်ကွင်းမှာ နေပြည်တော်တန်ဆောင်မုန်းလ၏ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာပြည်သူများ၏စိတ်တွင်လည်းကြည်နူးစွာ တွေ့မြင်ခံစားရသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများ၊ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများတွင် မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက် ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကိုဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို နိုဝင်ဘာလ ၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အပြင် နံနက်ပိုင်းတွင်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးသင်္ကန်းကိုတတိယအကြိမ်မြောက်အဖြစ် ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း၊ တန်ဆောင်တိုင်လပြည့်ည၏ရသကို အပြည့်အဝခံစားရင်း ကုသိုလ်ယူပါဝင်နိုင်ကြောင်း သိရသည်။ **ဟိန်းမင်းကျော်**

# အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၃

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကြည်လွင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးကြည်လွင် (အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်)**

**မင်္ဂလာပါခင်ဗျာ**

မြန်မာပြည်သူတိုင်းရင်းသားများအားလုံး အချင်းချင်းအပြန်အလှန်နားလည်မှုများနှင့်အတူ စစ်မှန်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ မြင့်မားတိုးတက်နိုင်ခြင်းများနဲ့ ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကြည်လွင်ဖြစ်ပါတယ်။ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီကို ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ စတင်ထူထောင်ခဲ့ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ်ကတော့ (၁၅)ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ကျွန်တော်တို့ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လိုအပ်ချက်အရ ပေါ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်းမှာနေထိုင်ကြတဲ့ ညီအစ်ကို တိုင်းရင်းသားများကြားမှာ အပြန်အလှန်နားလည်တတ်၊ လေးစားတတ်တဲ့စိတ်ဓာတ်တွေနဲ့ တစ်ဦးချင်း၊ တစ်စုချင်းအလိုက် စိတ်ဓာတ်အရည်အသွေးစွမ်းရည်တွေမြင့်တက်လာစေဖို့ ဖြစ်ပါတယ်။ အဲဒီလို မြင့်တက်လာတဲ့စွမ်းရည်တွေ၊ အရည်အချင်းတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လိုလားဖော်ဆောင်ကြိုးစားနေတဲ့ နိုင်ငံတော်ဘက်စုံပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မည့် လုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ ... အောင်မြင်အောင် ပေးဆပ်ဆောင်ရွက်သွားချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ကျွန်တော်တို့ ... အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းတည်ဆောက်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာ့နိုင်ငံရေးစင်မြင့်မှာ ကျွန်တော်တို့အင်းသားလူမျိုးများရဲ့ နိုင်ငံရေးအရ နေရာကလေးတစ်ခု ရရှိနိုင်ရေးပဲဖြစ်ပါတယ်။ သမိုင်းကြောင်းအရကြည့်ရင် ပြည်ထောင်စုတည်ဆောက်ရေးရဲ့ အဓိကအုတ်မြစ်ဖြစ်တဲ့ ပင်လုံစာချုပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်တို့ အင်းသားလူမျိုးခေါင်းဆောင်တွေရဲ့ ဦးဆောင်ပါဝင်မှုအခန်းကဏ္ဍဟာ ထင်ထင်ရှားရှားပဲဖြစ်ခဲ့ပါတယ်။ သို့သော် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုကို ကိုယ်စားပြုတဲ့ပါတီက ကိုယ်စားလှယ်တွေ ရွေးချယ်တင်မြှောက်ခြင်း မခံရသည့်အတွက် ဒီကာလအတွင်းမှာကျင်းပတဲ့ ၂၁ ရာစု ပင်လုံညီလာခံ (၃)ကြိမ် ကျင်းပခဲ့သော်လည်း ကျွန်တော်တို့ အင်းသားလူမျိုးကိုယ်စားပြုတဲ့ပါတီအနေနဲ့ရော၊ အင်းသားလူမျိုးစုအနေနဲ့ရော တက်ရောက်ရန် ဖိတ်ကြားခြင်း မခံရတဲ့အတွက် ဒီအရေးကြီးတဲ့ ညီလာခံမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုအနေနဲ့ ပါဝင်ဆွေးနွေးတင်ပြခွင့် ဆုံးရှုံးခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အင်းသားလူမျိုးစုတွေအနေနဲ့ ၂၀၂၅ ရွေးကောက်ပွဲအလွန်ကာလနိုင်ငံတော်အဆင့်ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ ပါဝင်နိုင်ရေးအတွက် ကျွန်တော်တို့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်တွေကို ထောက်ခံရွေးချယ်ပေးဖို့ မလွဲမသွေလိုအပ်နေပါပြီ၊ လွှတ်တော်ကိုယ်စားလှယ်နေရာများ ရမှသာလျှင် ကျွန်တော်တို့အင်းသားလူမျိုးတို့ကလည်း အခြားလူမျိုးများနဲ့အတူ တန်းတူရည်တူအားဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုး၊ လူမျိုးအကျိုးများကို ပါဝင်ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် အလေးအနက်ထားပြီး စဉ်းစားဆုံးဖြတ်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ။

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ရည်ရွယ်ချက်များကတော့...

- ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အင်းသားတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရေး။

**စာမျက်နှာ ၁၃ သို့ ⊃**

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၃

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးထွန်းအောင် (ဥက္ကဋ္ဌ၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း အာခါဘာသာစကားဖြင့် Nee Sar Ovg Luvq-ur ဟု မင်္ဂလာစကားဖြင့် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ဖြစ်ပါတယ်။ ကျွန်တော်တို့ အာခါတိုင်းရင်းသားများဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ် အရှေ့ခြမ်းဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်စုဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားများဟာ ဝတ်စားဆင်ယင်မှုရိုးရာဓလေ့ယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူးခြားခြားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မျိုးနွယ်စုတစ်မျိုးဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားလူမျိုးစု၏ အမျိုးသားရေးကိုဖော်ဆောင်သောအားဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့ကျရောက်တိုင်း အာခါအမျိုးသားနေ့ကို ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွှေရတုသဘင် အာခါအမျိုးသားနေ့တိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းရွှေရတု အာခါအမျိုးသားနေ့ကို ယခု နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ သဝဏ်လွှာပေးပို့ချီးမြှင့်ပြီး အာခါအမျိုးသားများ၏ အမျိုးသားရေးဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုခဲ့ပါသည်။ မိမိလူမျိုးတို့၏အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မိမိတို့၏ရိုးရာယဉ်ကျေးမှုအစဉ်အလာများဖြစ်သည့် ခါးထောင်းဖားပွဲတော်၊ ဒန်းစီးပွဲတော်၊ ကြက်ဥနီပွဲတော် စသောရိုးရာဓလေ့ကိုအခြေခံသောပွဲတော်များ စဉ်ဆက်မပြတ်ဖော်ထုတ်ကျင်းပပေးခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ပါတီ၏ဆောင်ပုဒ်၊ ပါတီ၏အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါတယ်။

ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများကို စုပေါင်း၍ မိမိတို့အမျိုးဂုဏ်ကိုမြှင့်တင်ကြစို့ဟူ၍ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ၊ ပြာ ဝန်းရံနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အမှတ်တံဆိပ်မှာ "ဒန်း" ပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်းသို့ဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် များစွာမှီတင်းနေပါသည်ဟုသုံးသပ်ပါတယ်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများကသာလျှင် မိမိတို့နေထိုင်ရာဒေသအနှံ့အပြားရှိ အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်သည်ဖြစ်၍ လူထု၏လိုအပ်ချက် မြေပြင်အခြေအနေမှန်များကို ထိတွေ့သိရှိနိုင်မည်ဖြစ်ပါတယ်။

**စာမျက်နှာ ၁၄ သို့ ➢**

⊃ စာမျက်နှာ ၁၂ မှအဆက်

- အင်းသားတိုင်းရင်းသားများနှင့် ညီနောင်တိုင်းရင်းသားများအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ လူမှုစီးပွားရေးဘဝများ စောင့်ရှောက်ထိန်းသိမ်းရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးဆောင်ဆောင်ရွက်နိုင်ရန်။
- အင်းလေးကန်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး။
- ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီ စည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြားပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့် ပူးပေါင်းပါဝင်လှုပ်ရှားသွားနိုင်ရေးတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ .. အင်းသားများ တစုတဝေးတည်းနေထိုင်သည့် အင်းလေးကန်တစ်ဝိုက်ကိုအခြေတည်ပြီး အတူနေ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ကယန်း၊ ဗမာ စတာတွေအားလုံး စုပေါင်းပါဝင်မှာဖြစ်သည့်အတွက် အင်းအမျိုးသားအဖွဲ့ချုပ်လို့ အမည်မှည့်တာဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားတဲ့အတွက် ဒေသတစ်ခုလုံး နယ်ပယ်အားလုံး၊ လူမျိုးအားလုံးရဲ့အခက်အခဲလိုအပ်ချက် စတာတွေကို ပြည့်ပြည့်စုံစုံ အသေးစိတ်နားလည်သိရှိမှာဖြစ်ပြီးတော့ အားလုံးစုပေါင်းအဖြေရှာသည့်နည်းလမ်းကို အသုံးပြုဝေဖန်သုံးသပ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ထိရောက်အောင်မြင်သည့် ဆောင်ရွက်ချက်တွေဖြစ်မယ်လို့ .. အလေးအနက်ယုံကြည်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့အင်းသားလူမျိုးဟာ လက်ရှိအခြေအနေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားလူမျိုးများနဲ့ လူဦးရေ နေရာအကျယ်အဝန်းများဟာ အတူတူလောက်ပဲဆိုပေမယ့် ကျွန်တော်တို့လူမျိုးကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရခဲ့သည့်အတွက် ဒေသခံများအတွက် ဘတ်ဂျက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အားနည်းခဲ့ရသလို ကလေးများရဲ့ ပညာသင်ကြားရေးဆိုင်ရာမှာလည်း အခွင့်အရေးတွေဆုံးရှုံးခဲ့ရပါတယ်။ ဥပမာအားဖြင့် နယ်စွန်ဒေသ ပင်ကိုထူးချွန်မှုနဲ့ တက္ကသိုလ်ဝင်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သော်လည်း အမှတ်အနည်းငယ်လိုတာနဲ့.. အဆင့်မြင့်တက္ကသိုလ်ကို တက်ခွင့်မရတဲ့ ဆုံးရှုံးမှုတွေရှိပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျက်မှောက်နှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဆောင်ရွက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ ခံစားရရှိသင့်သည့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများကို နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲဖော်ဆောင်သွားဖို့ကို အလေးအနက်ရည်မှန်းထားရှိပါတယ်။

ဒေသတွင်းရှိ လူငယ်များဟာလည်း ခေတ်ပညာတတ်ဘွဲ့ရတွေ ပိုမိုများပြားလာသလို သူတို့ရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အလေးထားဆောင်ရွက်သွားချင်တဲ့အပြင် လူငယ်တွေကို သမိုင်းအစဉ်အလာနဲ့ လက်ရှိဘဝဖြစ်စဉ်တွေကို အပြန်အလှန်သုံးသပ်တွေးခေါ်စဉ်းစားပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံ ဖြတ်ကျော် ကျော်လွှားနိုင်တဲ့ ဘဝပညာများကိုလည်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ချင်ပါတယ်။

အင်းသားတိုင်းရင်းသားများဟာ အင်းလေးကန်အတွင်းနဲ့ ဆက်စပ်နေရာများမှာနေထိုင်ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အင်းလေးကန်ကြီးဟာ ရေခန်းခြောက်လာခြင်းနှင့်အတူ ယိုယွင်းပျက်စီးမှုတွေဟာ ပိုပြီးဆိုးဝါးလာနေပါတယ်။ အဲဒီဆိုးဝါးတဲ့အခြေအနေဟာ ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးကို အထူးထိခိုက်နစ်နာစေပါတယ်။ ၂၀၂၄ ခုနှစ်ရဲ့ ဆိုးရွားလှသောရေကြီးနစ်မြုပ်မှု၊ ၂၀၂၅ ရဲ့ ငလျင်ဘေးဒဏ်၊ ရေကြီးနစ်မြုပ်မှုဘေးဒဏ် စတာတွေဟာ ကျွန်တော်တို့ အင်းသားများရဲ့ အင်းလေးကန်နှင့်ဘဝများကို ပေါင်းစုကာကွယ်နိုင်ရေးအတွက် အရေးကြီးတဲ့ သဘာဝရဲ့အချက်ပေးသံတွေအဖြစ် မြင်နိုင်ပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးဟာလည်း ကျွန်တော်တို့ရဲ့တာဝန်ဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့လူမှုစီးပွားရေးမြှင့်တင်ရေးကို ဟန်ချက်ညီညီဖြစ်ထွန်းစေဖို့ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးအားဖြင့် ကျွန်တော်တို့ အင်းလေးဒေသ အင်းလေးကန်ရဲ့ ထူးခြားတဲ့မြေပြင်အနေအထားအရ ကျေးရွာများ၊ နေအိမ်များ၊ ကျွန်းမျောစိုက်ခင်းများဟာ ရေပေါ်မှာတည်ရှိနေပြီး တစ်စုံတစ်ရာသော အာမခံချက်များမရှိခဲ့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်မှဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုမှုနဲ့အတူ အာမခံချက်များရရှိနိုင်ရေးအတွက် ကျွန်တော်တို့ပါတီက ဦးဆောင်ညှိနှိုင်းကာ ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ယူနက်စကိုက လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve) အဖြစ် အသိအမှတ်ပြုပြီးဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံများရဲ့ အကျိုးစီးပွား ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေးဟာ အဓိက အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ယုံကြည်တဲ့အတွက်ဖြစ်ပါတယ်။

အဲဒီလို အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဟန်ချက်ညီဖို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးများအပြင် လယ်ယာနှင့်အင်းလေးဒေသရဲ့ အထူးစိုက်ပျိုးသီးနှံဖြစ်တဲ့ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတွေကို လျော်ညီသောနည်းလမ်း၊ တွက်ခြေကိုက်သောစနစ်များကို ပြုပြင်ဖော်ဆောင်နိုင်ဖို့အတွက် ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဒေသခံများအနေဖြင့် တရားဥပဒေ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊ မိမိတို့ အင်းလေးကန်ကြီးအတွက် မိမိတို့၏စိတ်ဓာတ်၊ စည်းကမ်း၊ ခွန်အား အသိတရားတို့ကို မလွဲမသွေ အပြည့်အဝပေးဆပ်ဆောင်ရွက်သွားရမည်ဟု အလေးအနက်ယုံကြည်ပါတယ်။

ထို့ပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးယိုယွင်းမှုဒဏ်ကို အချိန်မီကုစားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ တာဝန်ရှိအဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီး၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့၏ ဝိုင်းဝန်းကူညီမှုရရှိစေရေးနှင့် ရရှိသည့်အကူအညီများကို ဒေသဆိုင်ရာလူ့အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများက ထိရောက်စွာအသုံးပြုနိုင်ရေး မိမိတို့ပါတီဝင်များအားလုံးက ဦးဆောင်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုကဲ့သို့ဆောင်ရွက်မှုများမှာ အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်ဆောင်ရွက်နိုင်လျှင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်နိုင်ရေးအတွက် လိုအပ်သော ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ တင်ပြညှိနှိုင်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့ပြင် အင်းလေးဒေသဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ခရီးသွားဒေသဖြစ်တဲ့အပြင် သဘာဝအခြေအနေအရ ကမ္ဘာ့ကျော်ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအကောင်းဆုံးရဖို့နဲ့ ဒေသခံမိမိတို့တိုင်းရင်းသားများကလည်း ခရီးသွားလုပ်ငန်းကို အမှီပြုပြီး ဝင်ငွေတိုးတက်လာစေဖို့အတွက် အထူးအလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျာ.....**

ကျွန်တော်တို့အနေဖြင့် ခံစားမည့်သူ လူအများက အရည်အသွေးပြည့်ပြည့် စိတ်ဓာတ်မြင့်မြင့်မားမားနှင့် လူမျိုး၊ ဒေသ၊ ပြည်နယ်နှင့် နိုင်ငံတော်အကျိုးကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်မယ့်အစီအစဉ်နှင့် လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယုံကြည်စွာအားပေးချီးမြှောက်ကြလိမ့်မည်ဟု လေးစားစွာယုံကြည်မိပါကြောင်း တင်ပြရင်း အဆုံးသတ်ပါရစေခင်ဗျာ.....။

ကရဝိက်ကူး လာဝေါက်နောင်း
အဝါအဝိင်းကော် အဲင်းဆားတိုင်းမဲပေးကြနောင်း
အဝါအဝိင်းနောင်း အဝါအဝိင်း

**မြန်မာ**

ကရဝိက်ကြီး လာပါပြီ
အဝါရောင်အဝိုင်းကို အင်းသားတိုင်းမဲပေးကြနော်
အဝါအဝိုင်းနော် အဝါဝိုင်း

**အင်းဆားတို့ရဲ့ အောင်ပွဲဆီသို့**

(တူညီရမယ့် တို့ရဲ့ စိတ်ထားတွေ... ဝတ်ဆင်ရမယ့် ရိုးရာပင်နီတွေ.... အောင်မြင်ခြင်း ပန်းတိုင်အတွက် ရေးရှုလို့ကိုယ်စီ ရာကျော် လူစီးတဲ့... လှေပြိုင်ပွဲတွေ...ရေပြင်လှိုင်းလုံးထက်မှာ လှေလွှမ်းခြုံထားတဲ့

ဘာသာတရားတွေ... ကပ်လှူကြမယ့်.... ကြာသကၡန်းတွေ.. အစဉ်အလာတိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ... ညီညာစိတ်ထားနဲ့... အရင်းခံရင်းလေ.. ဤမြေထက် ပန်းများဝေစေ) (ဒို့အင်းဆားများ... နဂါးမောက်လှေကိုစီး....လှေလှော်တဲ့ထုံး နှလုံးမူလို့....ကြင်နာတဲ့ စိတ်ထားနဲ့ ဖြူစင်စွာရိုးသားတဲ့....

အင်းဆားများ... နဂါးမောက်လှေကိုစီး...လှေလှော်တဲ့စိတ်ညွှတ်ကိုင်းနိုင်စေ....ဖွဲမလျှော့တဲ့ အားမာန်ရယ် အလိုက်သင့်တဲ့ပညာရယ်.... ညီညာစွာ လှော်ခတ်ကြမယ်....အောင်ပွဲလှေ)

(ဝေးနေနီးနေ...ဒို့အင်းဆားများ..စုပေါင်းညီညာစို့လေ....လာခဲ့ကြဟေ့...စုလာကြဟေ့

နားလည်စွာ လက်တွဲလို့ ဖော်ဆောင်မယ်...အမျိုးသားရေး.... တူညီဆန္ဒပြုကြမယ်) (တူညီရမယ့် တို့ရဲ့စိတ်ထားတွေ....ဝတ်ဆင်ရမယ့် ရိုးရာပင်နီတွေ... အောင်မြင်ခြင်းပန်းတိုင်အတွက် ရေးရှုလို့ကိုယ်စီရာကျော်လူစီးတဲ့... လှေပြိုင်ပွဲတွေ... ရေပြင်လှိုင်းလုံးထက်မှာလှေလွှမ်းခြုံထားတဲ့ ဘာသာတရားတွေ.... ကပ်လှူကြမယ့်... ကြာသကၡန်းတွေ.... အစဉ်အလာတိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ...ညီညာစိတ်ထားနဲ့... အရင်းခံရင်းလေ.... ဤမြေထက် ပန်းများဝေစေ) (ဒို့အင်းဆားများ... နဂါးမောက်လှေကိုစီး.. လှေလှော်တဲ့ထုံး နှလုံးမူလို့.... ကြင်နာတဲ့ စိတ်ထားနဲ့ ဖြူစင်စွာရိုးသားတဲ့..... အင်းဆားများ....နဂါးမောက်လှေကိုစီး... လှေလှော်တဲ့စိတ်ညွှတ်ကိုင်းနိုင်စေ... ဖွဲမလျှော့တဲ့ အားမာန်ရယ် အလိုက်သင့်တဲ့ပညာရယ်... ညီညာစွာ လှော်ခတ်ကြမယ်.... အောင်ပွဲလှေ)

(ဝေးနေနီးနေ...ဒို့အင်းဆားများစုပေါင်းညီညာစို့လေ...လာခဲ့ကြဟေ့... စုလာကြဟေ့ နားလည်စွာ လက်တွဲလို့ဖော်ဆောင်မယ်... အမျိုးသားရေး...တူညီ ဆန္ဒပြုကြမယ်)

(ဒို့အင်းဆားတို့ရဲ့..........................အောင်ပွဲဆီသို့)၃

**စည်းလုံးချိန်တန်ပြီ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ**

တော့အမျိုးဆားကိုယ်စားပြုမယ် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့တာဝန်ပဲမို့
ရေရှည်တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ (အင်းပါတီကို မဲပေးကြပါစို့ )

ဒီအင်းလေးက ... အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထားတို့အင်းဆား

အင်းဆားအလုပ် တို့အလုပ် အင်းဆားအရေး တို့အရေး တည့်တည့်တွေးကာ...သွားဖို့ရာ သေသေချာချာ မဲပေးကြစို့ (အင်းပါတီကို မဲပေးကြစို့)

အင်းလေးဒေသ သဘာဝ အင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်း ဘေးကင်းဖို့ တို့အမျိုးတွေ ဝန်းရံကြလို့ (အင်းပါတီကို မဲပေးကြစို့...)

ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစားပါ လက်ရည်တစ်ပြင်တည်းဖွဲ့စည်းလိုက်ပြီး အင်း ပါတီအများသူငါ မနိုမ်စားစေဖို့ အပြန်အလှန်ဆောင်ရွက်စေဖို့ (အင်းပါတီကို မဲပေးကြစို့) စိုက်ပျိုးရေးကို အခြေခံတာတို့အင်းဆားတွေ ဝမ်းစာပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို မဲပေးကြစို့)

တိုးတက်နေတဲ့ခေတ်ကြီးမှာ ပညာရေးက အဓိကပါပဲ တန်းတူအခွင့်အရေးရဖို့ရာ အင်းဝန်ကြီးမှာ အဓိက

အင်းဆားကိုယ်စားပြုမည့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့ ရေရှည်တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့

ဒီအင်းလေးက အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထားတို့အင်းဆား အင်းဆားအလုပ်တို့အလုပ် အင်းဆားအရေး တို့အရေး တည့်တည့်တွေးကာသွားဖို့ရာ သေသေချာချာ မဲပေးကြစို့ (အင်းပါတီကို မဲပေးကြစို့)

အင်းလေးဒေသ သဘာဝ အင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်း ဘေးကင်းဖို့ တို့အမျိုးတွေဝန်းရံကြလို့ အင်းပါတီကို မဲပေးကြစို့

ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစားပါ လက်ရည်တစ်ပြင်တည်းဖွဲ့စည်းလိုက်ပြီး အင်းပါတီ အများသူငါ မနိုမ်စားစေဖို့ အပြန်အလှန်ဆောင်ရွက်စေဖို့ (အင်းပါတီကို မဲပေးကြစို့) စိုက်ပျိုးရေးကို အခြေခံတာတို့အင်းဆားတွေ ဝမ်းစာပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို မဲပေးကြစို့)၂

အင်းဆူအင်းဆား လူခဲများ ဦးဆောင်ပြုမည့် အင်းပါတီ၊ အမျိုးသားရေးလက်မနေးမြှင့်တင်ပေးမည် အင်းပါတီ၊ စည်းလုံးအင်အားရှေ့ကထားညီညွတ်စေမည် အင်းပါတီ၊ လိုတာဖြည့်ပေးကျန်းမာရေး ထောက်ကူပြုမည် အင်းပါတီ၊ တို့အင်းဆားတွေ ညီစေဖို့ အင်းပါတီကို မဲပေးစို့၊ စိတ်ဓာတ်အင်အားမြှင့်တင်ဖို့ အင်းပါတီကို မဲပေးစို့၊

(အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ)၃

➢ စာမျက်နှာ ၁၂ မှအဆက်

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်း ကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင် အာခါအမျိုးသားရေး မိမိတို့ အာခါအမျိုးသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး စသည့် အခြေခံလိုအပ်ချက်များကို မိမိတို့ အာခါလူမျိုးများသာလျှင် ပိုမိုထိတွေ့သိရှိနိုင်ပြီး ပံ့ပိုးဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများကသာ ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါတယ်။ အာခါအမျိုးသားများ၏ ရိုးရာဓလေ့စာပေ၊ ယဉ်ကျေးမှုအနုပညာ စသည်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်အတွက် အာခါလူမျိုးများသာလျှင် ဦးဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တိုင်းရင်းသားများအရေး** ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု (၁၃၅) မျိုး စုပေါင်းမှီတင်းနေထိုင်ပါတယ်။ တိုင်းရင်းသားများ၏ကဏ္ဍများတွင် လူမျိုးစုငယ်များ၏ တန်းတူညီမျှရေးအခွင့်အလမ်းများကိုလည်း တိုင်းရင်းသားများအချင်းချင်းကသာလျှင် ပိုမိုနားလည်ထိတွေ့ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ တပ်မတော် တိုင်းရင်းသားလူမျိုးစုအားလုံး ယုံကြည်မှု၊ နားလည်မှု အပြန်အလှန်တည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

လူမျိုးစုများ၏အမျိုးအမည် နေထိုင်ရာအရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်မျိုးစီ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည်အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**ပြည်ထောင်စုအရေး** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တိုင်းရင်းသားလူမျိုးစုရေးရာ ကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏လိုအပ်ချက်များကိုဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှရည်မှန်းပါတယ်။ သို့မှသာ ပါတီစုံဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို ပြည့်စုံစေမှာဖြစ်ပါတယ်။

ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကို အခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တပ်မတော်၏အခန်းကဏ္ဍ** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ရန် တိုင်းရင်းသားများ ငြိမ်းချမ်းရေးရယူပြီး ထာဝရငြိမ်းချမ်းရေးအစဉ်တည်တံ့နိုင်ရန်အတွက်လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်အတွက်လည်းကောင်း၊ နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း ခေတ်မီတပ်မတော်တည်ဆောက်ရမည်ဟု ယုံကြည်ပါတယ်။

ယနေ့လတ်တလောဖြစ်ပေါ်နေသော ပြည်တွင်းအခက်အခဲများကို တပ်မတော်က အဓိကနေရာမှ တာဝန်ယူဆောင်ရွက်နေမှုအပေါ် တပ်မတော်အား တတ်စွမ်းသမျှကူညီဆောင်ရွက်မှုများပြုလုပ်ပြီး အချိန်တိုအတွင်း အေးချမ်းမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ တက်လှမ်းနိုင်မည်ဟုယုံကြည်ပါသည်။ လက်ရှိနိုင်ငံတော်၏အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ရမည်ဟုယုံကြည်ပါတယ်။

**လုပ်ငန်းစဉ်** အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား ညီနောင်သားချင်း တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော အခြေခံစစ်တမ်းကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများကို စနစ်တကျ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ပါမည်ဟု ချမှတ်ထားသကဲ့သို့ ပါတီစတင်ဖွဲ့စည်းစဉ်ကတည်းက ယနေ့ချိန်အထိ အာခါတိုင်းရင်းသားများ၏ နိုင်ငံရေးကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို မပြတ်မလပ် ဖော်ဆောင်လျက်ရှိပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများ**နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်များခင်ဗျား အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် (၂၀၂၅ ခုနှစ်) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အာခါတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်နှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကိုယ်စားလှယ်လောင်း(၁၅)ဦး ပါဝင်အရွေးကောက်ခံသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား အာခါတိုင်းရင်းသားများနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင် မဲဆန္ဒရှင်များ "ဒန်း"ပုံကို ထောက်ခံမဲပေးကြပါစို့လို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

Nee Sar Ovq Luvq-ur / ငြိမ်းချမ်းကြပါစေ။

**ခေမာရဋ္ဌနေမှ အာခါတိုင်းရင်းသား နှစ်သစ်ကူး "ရွှေရတု" သဘင်ပွဲတော်**

တေးရေး - လီဂါ၊ ထက်အောင်၊ အားဒို၊ အားဖြ၊ ဘူးညှ၊ ဘူးဘ — တေးရေး - အောင်လွင်ငြိမ်း

ဒီဇင်ဘာမြူနှင်းတွေကျ.. ချယ်ရီပန်းဖူးပွင့်စ
နံနက်ခင်းမိုးသောက်မှာ..မြူးကြွတဲ့ ဗုံမောင်းတီးသံ
V1- အားမာန်တွေနဲ့ ရှမ်းအရှေ့ ခေမာရဋ္ဌမြေက
အာခါသွေးချင်းတို့ စုပေါင်းနှစ်သစ်ကူးတဲ့ပွဲ
ရွှေရတု သဘင်ပွဲတော်အမျိုးသားနေ့ ရက်မြတ်ချိန်ခါ...
V2 သမိုင်းအစဉ်အလာ ဘိုးဘွားအမွေပါ
အာခါယဉ်ကျေးမှုဓလေ့ ရိုးရာ..
ညီညွတ်မှုနဲ့ တို့တစ်တွေ အမြတ်တနိုး ထိန်းသိမ်းလို့နေ
အသီးတစ်ရာအညွှာတစ်ခု ၁၉၇၅-အစပြု
နှစ် ၅၀ - သို့တိုင်လာ မော်ကွန်းသစ်တင် ဟိုး
ရွှေရတုသဘင်ပွဲတော်
Cho...
- လာပါ လာပါ ဟေ့ မိတ်ဆွေတို့ရာ
ချယ်ရီမြေမှ ဖိတ်ခေါ်လျက်ပါ..
ရွှေရတုသဘင်- နှစ်သစ်ကူးပွဲကို အရောက်လာခဲ့ပါ
- လာပါ လာပါ ဟေ့ အမျိုးဆွေတို့ရာ အာခါရိုးရာစုံ
အောင်မြင်တွေ့ရမှာ... ရိုးသားတဲ့တောင်ပေါ်သူတို့
အလှ ချစ်စရာ..
- ရောင်စုံမီးများနဲ့ မြူနှင်းကြားက ဆောင်းညမှာ..
အတူကရင်းနွဲ့ပျော်ကြစို့..ရင်ထဲ
အမြဲသတိရနေမှာပါ...
[အိမ်အပြန် အမှတ်တရ လက်ဆောင်ဝယ်ရင်း..]
(အာခါလို နှုတ်ဆက်ကြမယ် "နီဆားအိုလူ" ချမ်းမြေ့ပါစေ)

**"နှစ် (၅၀)ရွှေရတုသဘင် "**

တေးရေး - ဆရာအားချေး — တေးဆို - လီဂါ၊ ထက်အောင်၊ အားဒို၊ အားဖြ၊ ဘူးညှ၊ ဘူးဘ

V1: ကောင်းကင်မြေကြီး ဖန်ဆင်းရာဝယ်
ကောက်ပဲသီးနှံ ဖန်ဆင်းလို့ကွယ်
အမျိုးဘာသာ ထွန်းကားစေရေး
ရိုးရာဓလေ့ ထိန်းသိမ်းစို့လေ
V2: စည်းလုံးခြင်းဖြင့် နှစ်သစ်ကူးရင်း
အာခါအမျိုးသားနေ့ အစပြုတယ်လေ
ဘိုးဘွားတို့အား အစဉ်အောက်မေ့ကြ
ဦးဆောင်သူတို့အား လေးစားကြ
CHO: နှစ်ပေါင်းငါးဆယ်ပြည့်မြောက်လေပြီ
ရွှေရတုသဘင်ပြည့်လေပြီ
အာခါအမျိုးသားနေ့အား ဂုဏ်ပြုကြ
အာခါအလံအား အလေးပြုကြ
ကောင်းကင် မြေကြီးတည်နေသရွေ့
နေနှင့် လမင်း တည်ရှိနေသရွေ့
အာခါအမျိုးသားနေ့ကို အောက်မေ့ကြ
အာခါအမျိုးသားနေ့ကို နှလုံးသွင်းကြ
V3: အာခါအမျိုးသား စည်းလုံးမယ်လေ
အာခါအမျိုးသားညီညွတ်မယ်လေ အမျိုးသားအရေး ဝန်ဆောင်မယ်လေ
အမျိုးသားတာဝန်ထမ်းဆောင်စို့လေ
V2:

**"ဆန္ဒမဲပေးကြစို့ "**

တေးရေး - ယာထွန်း(ခ)ယားဝန်း၊ တေးဆို - ယာထွန်း(ခ) ယားဝန်း ဘူးဘ

V1: အာခါအမျိုးသားတို့ မဲသွားပေးကြစို့
အာခါအမျိုးသားတို့ ဒန်းပုံ ဒန်းပုံကို မမေ့နဲ့နော်
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
CHO: လူကြီးလူငယ်သွေးစည်း လက်တွဲလို့ရှေ့သို့ချီ
ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နှလုံးသွင်းလို့
အာခါအမျိုးသားတို့ အောင်ပွဲဆင်ရမည်
V2: အာခါအမျိုးသားတို့ သွေးစည်းကြပါစို့
နယ်ခြားမြေခြားနေထိုင်ရသော်လည်း အာခါသွေးချင်းတွေပါ
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
အမျိုးသားတာဝန် ထမ်းဆောင်ကြစို့လေ......

# စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ



ပဲခူး နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ နိုဝင်ဘာလ ၂ ရက်နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ပန္နရသမအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းအမှူးပြုသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းအောင်ပွဲအထိမ်းအမှတ်ဖြင့် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးကာ ဘုရားအမှူးပြုသော ဆရာတော်/သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူးကျင်းပသော ပန္နရသမအကြိမ် စုပေါင်းမဟာဘုံကထိန်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများစုပေါင်း၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုနှင့်ပစ္စည်းတန်ဖိုးစုစုပေါင်း ငွေကျပ် ၁၀၄၃၂၀၅၀၀ ဖြစ်ကြောင်း သိရသည်။

ဥဿာတိုင်းသား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညမီးကြီး မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညမီးကြီး မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

ရွှတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများလွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္တုကံတော်အတွင်း LED မီးများဖြင့်အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်လျက်ရှိပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ညမီးကြီး မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ကြမည့် ရက်ကန်းအဖွဲ့များတက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

ယင်းနောက် အခမ်းအနားကို " နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က **"ဇယမင်္ဂလာစာတမ်းလွှာ"**ကိုဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်" တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေ



ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက သီဆိုကပြဖျော်ဖြေကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးစဉ်။




ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက **စာမျက်နှာ ၁၅ သို့** ☆

၂၀၂၅ ခုနှစ်၊ မာရဝိဇယ
ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး
တန်ဆောင်တိုင်ပွဲတော်
မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲတွင်
ရက်ကန်းစင်တော် ၁၅ ခုမှ
ရက်ကန်းအဖွဲ့များ၏
မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုနှင့်
ကြည့်ရှုအားပေးကြသည့်
ပရိသတ်များကိုတွေ့ရစဉ်။

ကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက်လွှတ်တင်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများလွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla attend the opening of weaving Mathoe golden lotus robes in Tazaungdine festival 2025 at Maravijaya Buddha Image





Acting President of the Republic of the Union of Myanmar, SSPC Chairman Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla and State dignitaries attends the lighting festival, hot-air balloon releasing and weaving of Mathoe golden lotus robes.

NAY PYI TAW November 3

A ceremony to commence the weaving of Mathoe golden lotus robes for the Tazaungdine festival 2025 at the Maravijaya Buddha Image took place at the fountain square of the Maravijaya Buddha Park, and Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla attend the opening ceremony.

Also present at the ceremony together with the Senior General and his wife were Commission Vice Chairman Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member and Prime Minister U Nyo Saw and his wife, Commission member and Executive Chief U Aung Lin Dway and his wife, Commission Secretary and Joint Executive Chief General Ye Win Oo and his wife, commission members and their wives, Union-level dignitaries, Union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command and officials, and weaving teams which will participate in the weaving of Mathoe golden lotus robes. These activities were crowded by pilgrims, monks and people.

On arrival at the venue of the ceremony, the Senior General and his wife were warmly welcomed by officials, ethnics from the Myanma Radio and Television, and cultural troupes from the Department of Fine Arts under the Ministry of Religious Affairs and Culture.

They all worshiped the Buddha with three-time recitation of Namo Tassa. Union Minister for Religious Affairs and Culture U Tin Oo Lwin read the message of **"Jaya Mangala"**.

The Senior General and his wife cut the ribbon to commence the weaving of Mathoe golden lotus robes for the Tazaungdine festival 2025 at the Maravijaya Buddha Image.

As member of the Maravijaya Buddha Image Board of Trustees U Thant Swe launched the activities by beating the Mingala golden gong, weaving teams started their weaving efforts. Meanwhile, artistes from the MRTV, cultural troupes from the Department of Fine Arts under the Ministry of Religious Affairs and Culture and artistes from the Myawady Entertainment Troupe under the Directorate of Public Relations and Psychological Warfare performed the

See Page - 21 ■■



Acting President of the Republic of the Union of Myanmar, SSPC Chairman Senior General Min Aung Hlaing observes processes of weaving Mathoe golden lotus robe at Shwewei Thiri Loom of Taninthayi Region.




Daw Kyu Kyu Hla, wife of the Senior General, views round weaving of Mathoe golden lotus robe at Taungzalat Loom of Chin State.

# Pwintbyu Township to grow more than 3,000 acres of lablab bean during cold season



PWINTBYU November 3

Local authorities have earmarked cultivation of 3,744 acres of lablab beans in Pwintbyu Township of Magway Region this year, according to the Township Agriculture Department.

This year's winter crop season, a total of 3,744 acres of lablab beans are planned to be cultivated in Pwintbyu Township, with planting to begin in October to meet the target acreage.

"We have set a plan to grow 3,744 acres of lablab beans in Pwintbyu Township during the coming winter crop season. To achieve the target, we will provide farmers with timely irrigation, access to high-yield seed varieties, farming techniques, and guidance on pest and disease control," said Daw Moe Moe Wai, Head of Pwintbyu Township Department of Agriculture.

The Township Department of Agriculture will also support lablab bean growers in Pwintbyu with quality seed varieties suitable for the region, adoption of GAP (Good Agricultural Practices), preventive measures against pests and diseases, improving yields, and expanding cultivation areas through farmer education programs.

If lablab beans are successfully grown with improved yields and quality, not only will local consumption needs be met, but surplus crops will also be available for sale, generating income and contributing to the improvement of social and economic life. Therefore, efforts must be made to expand lablab bean cultivation, Daw Moe Moe Wai added.

**SK**

# Sown acreage of rainfed sesame expanded in Katha District

KATHA November 3

Local farmers have expanded sown acreage of rainfed sesame in Katha District of Sagaing Region, according to the statistics of Katha District Agriculture Department.

For the 2025–2026 monsoon crop season, a plan was set to cultivate 582 acres of rainfed sesame in Katha District. Cultivation began in May this year, and as of today, 1,267 acres have been planted exceeding the target cultivation.

"This year, over 500 acres of rainfed sesame were planned for cultivation in Katha District. So far, more than 1,000 acres have been completed. The acreage has exceeded the original target. Efforts are being made to further expand cultivation, improve yields, and encourage farmers to use GAP (Good Agricultural Practices) techniques," said Daw Khin Myat Myat Oo, Head of the Katha District Agriculture Department.

This year, Katha Township cultivated 795 acres of rainfed sesame, Indaw Township 100 acres, Htigyaing Township 288 acres and Bamauk Township 84 acres, totalling 1,267 acres.

With regard to target cultivation in 2025-2026 cultivation season, local authorities earmarked cultivation of 109 acres of sesame in Katha Township, 120 acres in Indaw Township, 260 acres in Htigyaing Township and 93 acres in Bamauk Township, totalling 582 acres.

This year in Katha District, the respective Township Agriculture Departments will provide awareness and guidance to sesame farmers on expanding cultivation, adopting proper cultivation methods, practicing GAP (Good Agricultural Practices), using quality and pure seed varieties, and planting high-yielding varieties.

Crops produced under GAP methods are of higher quality than those grown with conventional techniques, fetch better prices, and can be marketed not only domestically but also for export. As a result, farmers who practice GAP cultivation will gain greater economic benefits, leading to improvements in their socio-economic livelihoods.

**SMK**

# Mawlamyinegyun Township sells larger volume of paddy to Yangon market



MAWLAMYINEGYUN November 3

Local merchants from Mawlamyinegyun Township of Ayeyawady Region sold a large volume Hnankar paddy to Yangon market said Daw Pa Pa Lin, the owner of paddy and rice trading in Mawlamyinegyun Township.

From Mawlamyinegyun Township, a total of 79,000 baskets of Hnanka paddy were transported and sold to the Yangon market . The market price is reported to be around Ks-1.56 million per 100 baskets of paddy.

Daw Pa Pa Lin, said: "Farm produce from Mawlamyinegyun is mainly transported and sold to Yangon and Pathein markets. Compared with August, more paddy was sold in September. Even within September, there have been many offers to buy paddy in bulk. As paddy and rice sales improve like this, people engaged in related transport and trading businesses are gaining more job opportunities, and those who store paddy are also benefiting."

In Mawlamyinegyun Township, farm produce including Hnanka paddy is being systematically processed by local entrepreneurs, who mainly connect with Yangon market traders for sales, while distribution is also being extended to other regions.

**SK**

# Plan underway to grow more than 1,000 acres of sweet corns in YeU Township this year

YEU November 3

Statistics of YeU District Agriculture Department stated that local farmers will grow morethan 1,000 acres of sweetcorns incoming cold season in YeU Township of Sagaing Region.

During the 2025–2026 winter crop season, it is planned to cultivate 1,067 acres of sweet corn in YeU Township, with planting to take place from October to December this year.

U Zaw Myint Tun, Head of the District Department of Agriculture in YeU, said: "This winter crop season in YeU Township, we have planned over 1,000 acres of sweet corn cultivation. We will work to ensure that the planned acreage is fully achieved. At present, cultivation is progressing well, even beyond the initial target."

The Township Department of Agriculture will provide sweet corn farmers in YeU with training sessions, field demonstrations, and awareness on preventive measures against corn borer pests, the use of integrated pest management practices, and application of insecticides and fungicides such as neem, chili solutions, and other crop protection methods.

**SMK**

# Russia, China to develop construction of Russian-designed Nuclear Plants - Rosatom CEO



HANGZHOU November 3

Russia and China will develop the construction of Russian-designed nuclear power plants in China and plan to actively use fast-neutron reactors and closed nuclear fuel cycle technologies, Russian state nuclear corporation Rosatom CEO Alexey Likhachev said on Monday.

"We must move on in this area [in nuclear cooperation] to the next package of bilateral cooperation, which undoubtedly includes the development of Russian-designed nuclear power plants in China and joint work on the fourth generation of nuclear energy – this is closing the fuel cycle and more active use of industrial fast-neutron reactors," Likhachev told reporters.

Rosatom's goal is to reach appropriate agreements regarding the construction of nuclear power plants in China, the CEO also said, adding that the corporation also aims to resolve mutually beneficial issues.

"First and foremost, this means strengthening cooperation in the nuclear fuel cycle and, accordingly, increasing the capabilities of China's nuclear energy sector in terms of uranium production," Likhachev added.

**Sputnik**

# Putin's envoy highlights Germany's de-industrialization due to rejection of Russian gas

MOSCOW November 3

The reduction in supplies of Russian gas to Germany has led the country to de-industrialization, Russian Direct Investment Fund (RDIF) CEO Kirill Dmitriev, Russian special presidential representative for investment and economic cooperation with foreign countries, said.

The study by the German Institute for Economic Research revealed that about half (41 percent) of industrial companies in Germany plan to reduce their staff in 2026, while only 15 percent intend to increase the number of employees.

"Reduction in supplies of cheaper Russian gas is the key driver of de-industrialization," Dmitriev said on X.

Russia has repeatedly stated that the country will cope with the sanctions pressure that the West began to exert on Moscow several years ago and continues to intensify. Moscow noted that the West lacked the courage to admit the failure of sanctions against Russia. Russian President Vladimir Putin previously stated that the policy of containing and weakening Russia was a long-term strategy of the West, and the sanctions had dealt a serious blow to the entire global economy. According to Putin, the main goal of the West is to worsen the lives of millions of people.

**Sputnik**

# Two magnitude 6.2 earthquakes strike off coast of Russia's Kamchatka Peninsula

VLADIVOSTOK November 3

Two earthquakes with a magnitude of 6.2 were recorded off the coast of Kamchatka Peninsula in Russia's Far East on Monday, according to the local geophysical service.

The first quake occurred at 7:10 p.m. local time (0710 GMT), with the epicenter at a depth of 22.3 km in Avacha Bay, 154 km from Petropavlovsk-Kamchatsky, local research scientists said.

The second earthquake jolted the region at 8:44 p.m. local time (0844 GMT), with its epicenter at a depth of 36.2 km, also in Avacha Bay, 186 km from Petropavlovsk-Kamchatsky.

On July 30, Kamchatka experienced an earthquake with a magnitude of 8.7, triggering tsunami warnings and a state of emergency in parts of Kamchatka and the Severo-Kurilsk district. The region has continued to experience aftershocks ever since.

**Xinhua**

# Medieval tower partially collapses in Rome




ROME November 3

The Torre dei Conti, a medieval tower located near the Colosseum in central Rome, partially collapsed on Monday, injuring three construction workers and trapping one under the rubble.

The building, which dates back to the 13th century, has not been in use since 2006 and was undergoing a four-year renovation project due to end next year. Multiple construction workers were present at the site during the incident, with one of them sustaining critical injuries and two others suffering minor injuries. Another worker ended up trapped under the collapsed structures.

"We are trying to get him out alive, but the situation is complex because of the risk of further collapses," a fire department spokesman told Reuters.

Footage circulating online and captured immediately after the collapse started shows masonry falling off the building and one of the other walls partially collapsing. The building apparently suffered significant internal damage.

Parts of the tower collapsed at least twice, footage circulating online suggests. The second collapse occurred when emergency workers arrived at the scene. Firefighters were seen narrowly evading bricks falling off the building. The tower was constructed as a fortified residence of the counts of the Segni noble family in the early 13th century. The structure was originally up to 60m (over 195 feet) tall, yet it was damaged by multiple earthquakes, which destroyed its upper floors and left it abandoned in the mid-14th century. The tower was repaired in the 17th century and reinforced with two massive external buttresses, one of which appears to have been destroyed in Monday's collapse.

**RT**

■■ **From Page - 18**

song "Myaing-Myaing-Hsaing-Hsaing Latazaungdine" with dances. Attendees to the ceremony released small hot-air balloons and lanterns simultaneously.

Moreover, those artistes entertained audiences with choral dances, Ozi and Dobat music and songs.

The Senior General and his wife together with audience interestingly observed weaving process of Mathoe golden lotus robes at 15 looms.

The Senior General, his wife and attendees watched releasing of night hot-air ballooms and Sennapan hot-air balloons together with pilgrims and people who visited the Tazaungdine lighting festival at the Maravijaya Buddha Image.



Acting President of the Republic of the Union of Myanmar, SSPC Chairman Senior General Min Aung Hlaing waves to the people who join the lighting festival, hot-air balloon releasing and weaving of Mathoe golden lotus robes.

The Tazaungdine lighting festival will be held on a grand scale at the Maravijaya Buddha Image Park in Dekkhinathiri Township of Nay Pyi Taw Union Territory from 2 to 4 November.

During the festival, associations will recite religious verses and offer 9,000 oil lights on the platform of the Image while fireworks will be launched and night hot-air balloons and Seinnapan hot-air balloons released dedicating to the Lord Buddha. Moreover, weaving of Mathoe golden lotus robes are carried out to offer them to the Buddha Image. In the precinct of Buddha Park, all structures are illuminated with LED lights. Micro, small and medium-sized enterprises (MSME) businesses display and sell domestic products, foodstuffs, personal goods and Myanmar tradition snacks at relevant stalls. In addition, renowned artistes perform song entertainment whereas theatrical troupes present theatrical performances.

**100**

# Plan underway to place more than 4,000 acres of croplands under onions

SAGAING November 3

Arrangements are being made to cultivate more than 4,000 acres of onions as winter crops in Sagaing District of Sagaing Region this year.

In this regard, local farmers will plant 1,802 acres of onion in Sagaing Township, 1,110 acres in Myinmu Township and 1,8543 acres in Myaung Township, totalling 4,765 acres.

During this year's winter crop season in Sagaing District, more than 4,000 acres of onion are planned for cultivation. Efforts will be made to fully meet the target acreage. Onion cultivation will proceed as usual, and arrangements are being made to help ensure good market prices, said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Sagaing District, the respective Township Agriculture Departments are supporting onion farmers by linking them to markets for better prices, providing techniques for longer storage, encouraging cultivation under GAP practices, and promoting improved quality.

It is learned that onion farmers in the district typically invest around Ks-1.8 million per acre, with yields averaging 5,000 viss per acre.

Within Sagaing Region, onions are widely cultivated, with the largest onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu. **SMK**

# Authorities earmark cultivation of more than 18,000 acres of winter sunflower in Budalin this year

BUDALIN November 3

Local authorities of Budalin Township of Sagaing Region set a plan to grow more than 18,000 acres of winter sunflower in the township this year, according to the Township Agriculture Department.

During the 2025–2026 winter crop season, 18,120 acres of sunflower are planned for cultivation in Budalin Township, with planting scheduled to take place from October to December this year.

"This coming winter crop season, more than 18,000 acres of sunflower are planned for cultivation in Budalin Township. We will work to fully achieve the target acreage. To reduce imports of palm oil, efforts are being made to expand the cultivation of oil crops such as sunflower. Sunflower produces more oil per acre compared to groundnut and sesame, and it is mainly grown during the winter season," said U Phyo Wai, Head of the Budalin Township Agriculture Department.

To expand sunflower cultivation in Budalin Township, the Agriculture Department is conducting intensive awareness and training programs to enhance the capacity of both staff and sunflower farmers.

This year, sunflower farmers in Budalin Township will be provided with seed support, while Urea and compound fertilizers will be sold at affordable prices. Newly harvested sunflower varieties will also be distributed through farmer-to-farmer seed exchange systems.

**SK**


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



◆ **ကျောဖုံးမှအဆက်**

တန်ဆောင်တိုင်ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများလေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက်အဆင်ပြေစေရန်အတွက်ဒေသအလိုက်အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ EV ကားနှင့်မော်တော်ဆိုင်ကယ်အရောင်းပြခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ များအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ဒေသထွက်အစားအသောက်များ၊ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ ရိုးရာဝတ်စုံများနှင့် MSME ထုတ်ကုန်များအကြောင်းကို စိတ်အားထက်သန်စွာ ရှင်းလင်းပြသပေးကြသည်ကိုလည်း တွေ့ရသည်။

ယနေ့ဈေးရောင်းပွဲတော်တွင် ပျဉ်းမနားမြို့ ဒေသထွက်ကုန်များ အရောင်းပြခန်း၊ ကောင်းရွှေစည် မြန်မာ့တွင်းထွက်စစ်စစ်ကျောက်မျက်အရိုင်း/အချောနှင့် လက်ဝတ်ရတနာရောင်းဝယ်ရေးဆိုင်၊ NYI NYI ရခိုင်မုန့်တီနှင့် စားဖွယ်စုံအရောင်းဆိုင်၊ ဗမာမိတ်အင်းလေးချည်နှင့် ရိုးရာဝတ်စုံအရောင်းဆိုင်၊ မောခမ်းနွံစားဖွယ်စုံအရောင်းဆိုင်၊





MSME စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်တွင်းလက်မှုအနုပညာအရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာအစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များစသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖွင့်လှစ်၍ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ စိတ်ဝင်တစားလာရောက်ဝယ်ယူကြသည့် ပြည်သူများကို သက်ဆိုင်ရာပြခန်း San Thiri မိသားစု အအေးမျိုးစုံနှင့် စားဖွယ်စုံအရောင်းဆိုင်နှင့် ဈေးသည်ကြီးမြန်မာ့မုန့်မျိုးစုံအရောင်းဆိုင်တို့တွင် တန်ဆောင်တိုင်ပွဲတော်ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများက လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို စိတ်ကြိုက်ဝယ်ယူကြရာ ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့အတူ ပွဲတော်လာဘုရားဖူးပြည်သူများကို မြန်မာ့ဇာတ်သဘင်အနုပညာကို ခံစားကြည့်ရှုနိုင်စေရန်အတွက် အခမဲ့အဖြစ် နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ်ဇာတ်ပွဲသဘင်ကို ဖျော်ဖြေရေးအစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး အနုသုခုမသဘင်ပညာသည် ရုပ်ရှင်ကဲ့သို့မဟုတ်ဘဲ ပွဲကြည့်ပရိသတ်ကို တိုက်ရိုက်တင်ဆက်သရုပ်ဆောင်ကပြကြရသည့်အတွက် ဖိုးချစ်ဇာတ်ပွဲသဘင်၏ ပထမည ဖျော်ဖြေတင်ဆက်မှုများကို သဘင်ချစ်မြတ်နိုးသူများက ဂုဏ်ယူဖွယ်တွေ့မြင်ခံစားခဲ့ရသည်မှာ ဖရဏာပီတိဂွမ်းဆီထိသည့်ပမာ ဖြစ်ခဲ့ရသည်။

ယနေ့ဒုတိယည ဖျော်ဖြေတင်ဆက်မှုတွင်လည်း ဇာတ်မင်းသားဖိုးချစ် ဇာတ်ပွဲသဘင်က ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်မှုများနှင့်တွဲဖက်၍ သဘင်ပညာရှင်များ၏ ဇာတ်စာ၊ ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အပြောအဆို၊ ကကြိုး၊ ကကွက်များ၊ ချစ်ကြည်စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုဖြင့်ကရသည့် ယိမ်းအက၊ မြို့ရွှေမန်းသားဖိုးချစ်အကအဖွဲ့က "ဗိုလ်အောင်ဒင်"ဟာသကပွဲ၊ အဆို၊ အငို၊ အပြောများဖြင့် ဇာတ်၏အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် "နှစ်ပါးစုံမှုရှာသည့်မိုး"အော်ပရာနှင့် "တစ်လောကလုံးမှတစ်ယောက်ထဲချစ်မယ်" ပြဇာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဇာတ်မင်းသားဖိုးချစ်၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ် တင်ဆက်မည့် "အကခုနစ်ဖြာ အနုပညာ" နှစ်ပါးသွားအစီအစဉ်၊ လူရွှင်တော်များက စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များကို ဌာန်ကရိုဏ်းကျကျ၊ စည်းဝါးကျကျ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို အနုသုခုမသဘင်အားချစ်မြတ်နိုး၍ စိတ်ဝင်တစားလာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တန်ဆောင်တိုင်ပွဲတော်ကိုပါဝင်ဆင်နွှဲ၍ စိတ်အပန်းဖြေစေရန် အခမဲ့ခေတ်ပေါ်တေးဂီတ(စတိတ်ရှိုး) ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဝန၊ J Fire၊ ဖော်ဝေး၊ ဂျိုးလေး၊ ကော်နီ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်၊ နန်းဆုရတီစိုးနှင့် တေးသံရှင်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူတွဲဖက်၍ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

အလားတူ ဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချားဝိုင်း၊ ကလေးစီးလှုပ်စိနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ်ပုံရိပ်များကိုလည်း တွေ့မြင်ရပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို နိုဝင်ဘာလ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်းသိရသည်။

**ဟိန်းမင်းကျော်**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားများကျင်းပပြုလုပ်


ဆရာတော်ထံ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။


ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။


ဆရာတော်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။


ဆရာတော်ထံ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၃

တိုင်းစစ်ဌာနချုပ်များ၏ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၏ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားများကို သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြပြီး ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက်တိုင်းမှူးများနှင့်တက်ရောက်လာကြသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါစုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များကလှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၃၇၄ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၂၇ ခုကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များကလှူဒါန်းသည့် ငွေကျပ် ၂၄၈ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၉ ခုကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၈၁ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၅ ခုကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၆၈၀ ကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၂၇ ခုကို လည်းကောင်း သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၁၅ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၀ | ၂၉၁၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၀၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၅ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၉၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၇၀ | ၂၅၃၅ | ၂၄၇၀ | ၂၅၇၅ | ၂၅၉၀ | ၂၆၁၀ | ၂၅၂၅ | - | ၂၈၂၀ | ၂၅၄၅ | ၃၂၃၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၀၅ | ၂၈၆၀ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၃ | ၂၆၂၇ |
| 95 Ron | ၂၆၃၇ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၀၄ | ၂၃၇၉ |
| HSD (50 ppm) | ၂၈၂၀ | ၂၉၀၆ |
| HSD (10 ppm) | ၂၈၂၀ | ၂၉၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)တတိယနေ့ ပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြသည်။

ISPE အသင်းနှင့် ရခိုင်ယူနိုက်တက်တို့ ပွဲစဉ်ကို သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် ၁၈ မိနစ်တွင် သန်းတိုးအောင်၏ထောင့်ကန်ဘောပေးပို့မှုမှ တစ်ဆင့် နောက်တန်းကစားသမားစိုးလင်းအောင်က ISPE အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

ပွဲကစားချိန် ၄၅ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်းကစားသမား ညီညီထွန်းက ဂိုးဧရိယာအတွင်း ပြိုင်ဘက်ကစားသမားကို ဆွဲလှဲခဲ့သည့်အတွက် အဝါကတ်ပြကာ ပယ်နယ်တီပေးခံခဲ့ရသည်၊ ယင်းပယ်နယ်တီကို သန်းတိုးအောင်ကပင် အမှားအယွင်းမရှိသွင်းယူနိုင်ခဲ့၍ ISPE အသင်းအတွက် ဒုတိယဂိုးရရှိသွားသည်။

ပွဲကစားချိန် ၅၇ မိနစ်တွင် မိုစတာဖာ၏ ခေါင်းတိုက်ပြီးပြန်ချပေးသည့်ဘောလုံးကို ဇင်မင်းထွန်းက ဂိုးသမားကိုပါ ကျော်ဖြတ်သွင်းယူနိုင်ခဲ့သည့်အတွက် ရခိုင်အသင်း ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ ပွဲကစားချိန် ၇၈ မိနစ်တွင် ကောင်းမြတ်ငြိမ်းက ISPE အသင်း တတိယမြောက်ဂိုးရရှိသည်။ ဒုတိယပိုင်း မိနစ် ၉၀ ပြည့်ချိန်တွင် မာတီနိုက ISPE အသင်းအတွက် စတုတ္ထမြောက်ဂိုးကို ထပ်မံသွင်းယူခဲ့၍ ပြိုင်ပွဲအပြီးတွင် ISPE အသင်းက ၄ ဂိုး ၁ ဂိုးဖြင့် ရခိုင်ယူနိုက်တက်အသင်းကိုအနိုင်ရရှိသွားသည်။

ထို့အတူ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ပြိုင်ပွဲတစ်ခုဖြစ်သည့် ရွှေဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ပုသိမ်မြို့ ကျောက်တိုင်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မဟာယူနိုက်တက်အသင်းက ရွှေဝတီယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **ဝန်းရံခ**

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့ဝင် အမျိုးသား ၂ ဦး ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA အဖွဲ့ဝင် အမျိုးသား ၂ ဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့ဝင်တစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့်လက်နက်ခဲယမ်းများအားလွှဲပြောင်းအပ်နှံစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၍ ဖိနှိပ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရပြီး အသေခံရမည့်နေရာများတွင်သာလုပ်ဆောင်စေခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင် ၂ ဦးတို့အား တာဝန်ရှိသူများကကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ မိုးကောင်းတပ်နယ်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးကောင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မိုးကောင်းတပ်နယ်မှတာဝန်ရှိသူတစ်ဦးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက်ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် KA-25 ၁ လက်၊ MA-4 ၁ လက်၊ KA-25 ကျည်အိမ် ၄ ခု၊ အမ်အေကျည်အိမ် ၃ ခု၊ KA-25 ကျည် ၁၁၀ တောင့်၊ အမ်အေကျည် ၅၆ တောင့်နှင့် ၄၀ မမဖုံးသီး ၈ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် KIA အဖွဲ့ဝင် ၂ ဦးအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည့်တို့ဖြင့်နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအားထိခိုက်ပျက်စီးအောင်နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ အမှုရေးဖွင့်စုံစမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ထော်ကန္တတ်ကျေးရွာရှိ မြို့ဝင်စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ဝါးခယ်မမြို့နယ်၊ အောင်လှိုင်ကြီးကျေးရွာနေ မျိုးမင်းဆွေ(ခ)မင်းမင်း ၄၇ နှစ်အားစစ်ဆေးရာ ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် မောင်ကံ(ခ)ဖိုးကံ ထံသို့ Messenger မှ တစ်ဆင့်ဆက်သွယ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအား နှောင့်ယှက်ဖျက်ဆီးရမည်ဟု ရေးသားပေးပို့ထားသည်ကို တွေ့ရှိရသဖြင့် ဝါးခယ်မမြို့မရဲစခန်း(ပ)၉၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂) ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးရှေ့လမ်းဘေးတွင် စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီမှ ဘားအံမြို့နယ်၊ မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောမြင့်ဦး၏ဓာတ်ပုံနှင့်စာသားပါ ဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲခဲ့သူ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်နေသူများဖြစ်ကြသည့် ထွန်းထွန်းဝင်း ၃၁ နှစ်နှင့် ဖြိုးမင်းသန့် ၁၅ နှစ်တို့အား ဘားအံမြို့မရဲစခန်း(ပ)၁၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်(မြောက်)ကျေးရွာနေဦးသိန်းဆွေဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၂ ဦးတို့သည် မဲပေးခွင့်ရှိသူများမကျန်ရှိစေရေးစိစစ်ပြုစုရန် ရခိုင်ချောင်(မြောက်)ကျေးရွာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့အား တွေ့ဆုံရန် YGN-9 2M/xxxx TOYOTA ALPHARD အမျိုးအစားယာဉ်ဖြင့် လာရောက်စဉ် ရခိုင်ချောင်(မြောက်)ကျေးရွာ ရွာလယ်လမ်းအရောက်၌ ဘက်ထရီစက်ဘီးစီးနင်းလာသော တစ်ရွာတည်းနေ ကျော်သီဟန် (၄၆)နှစ်မှ ဦးသိန်းဆွေဦး၏ မော်တော်ယာဉ်ရှေ့တွင် စက်ဘီးဖြင့်ပိတ်ရပ်ကာ ညစ်ညမ်းစွာ ဆဲဆိုခြိမ်းခြောက်ခြင်းများပြုလုပ်ပြီး လက်သီးဖြင့်အကြိမ်ကြိမ်ထိုးကြိတ်ခဲ့သဖြင့် ဦးသိန်းဆွေဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ကျော်သီဟန်အား နိုဝင်ဘာလ ၁ ရက်နေ့တွင် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်း (ပ) ၃၂/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူအောက်တိုဘာလ ၃၁ ရက်နေ့တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေးဓာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့်စာသားများ ရေးသားဖြန့်ဝေခဲ့သည့် Hanni Linn (Be Bee)Facebook Account ပိုင်ရှင်ဖြစ်သူ တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ နယ်မြေ(၉)နေ သန်းသန်းစိုး(ခ) ဟန်နီလင်း ၃၁ နှစ်အား တောင်ကြီးနယ်မြေရဲစခန်း (ပ) ၁၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁ ရက်နေ့တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြုပညာပေးဓာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန်ဆန့်ကျင်လှုံ့ဆော်သည့်စာသားများ ရေးသားဖြန့်ဝေခဲ့သည့် Ju Ju (Ju Yati Ko) Facebook Account ပိုင်ရှင်ဖြစ်သူ ဂျူးရတီကိုအား ကမာရွတ်မြို့မရဲစခန်း(ပ)၆၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂ ရက်နေ့တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရွေးကောက်ပွဲအကျိုးပြုပညာပေးဓာတ်လမ်းတိုနှင့်ပတ်သက်၍ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့်စာသားများရေးသားဖြန့်ဝေခဲ့သည့် Kyawat Hsu Latt Facebook account ပိုင်ရှင်ဖြစ်သူ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်နေ ကျော့ဆုလတ်(၃၂)နှစ်အား ပုသိမ်နယ်မြေရဲစခန်း (ပ) ၁၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေမည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။**

# ရွှေတိဂုံစေတီတော်၌ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၃

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှကြီးမှူးပြုလုပ်သည့် (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲကို ယနေ့ညနေပိုင်းတွင် ရင်ပြင်တော်ရာဟုထောင့်ရှိ အောင်မြေ၌ ကျင်းပသည်။


ရှေးဦးစွာ ညနေ ၄ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စေတီတော်ရုံးဝန်ထမ်းများက ရင်ပြင်တော်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းမှစ၍ စေတီတော်အား ရင်ပြင်တော်တစ်ပတ်လှည့်လည်ပူဇော်ကြပြီး အောင်မြေသို့ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ညနေ ၄ နာရီခွဲတွင် ရက်ကန်းပြိုင်ပွဲဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပက အလှည့်ကျသဘာပတိ ဦးမင်းလွင်က ဇယမင်္ဂလာစာတမ်းလွှာအားဖတ်ကြားပြီး ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်း၊ ဂေါပကအဖွဲ့ဝင်ဦးငွေးလှိုင်တို့နှင့်အတူ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲအား ရွှေကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်နေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲတွင် ဘာသာရေးအသင်းအဖွဲ့များက ပြိုင်ပွဲဝင်အသင်းကိုးသင်းဖြင့် ယှဉ်ပြိုင်ရက်လုပ်ကြပြီး ရရှိလာသည့်ပိတ်သားပြင်အား အထည်အလိပ်ဆိုင်ရာပညာရှင်များက စစ်ဆေးအမှတ်ပေးကာ ဆုအဆင့်ခွဲခြားသတ်မှတ်၍ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ဝိနည်းတော်နှင့်အညီ ညတွင်းချင်းချုပ်လုပ်ကြသည့် ၎င်းပိတ်စများအား တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ သတ်မှတ်ရုပ်ပွားတော်များအား ကပ်လှူကြမည်ဖြစ်သည်။ ယခုနှစ်(၃၇)ကြိမ်မြောက်တွင် မသိုးသင်္ကန်းရက်လုပ်မည့် ပြိုင်ပွဲဝင်အသင်းကိုးသင်းအတွက် ပထမဆု ငွေကျပ်သိန်း ၄၀၊ ဒုတိယဆုငွေကျပ် ၃၅ သိန်း၊ တတိယဆုငွေကျပ်သိန်း ၃၀၊ စတုတ္ထဆု ငွေကျပ် ၂၅ သိန်းနှင့် နှစ်သိမ့်ဆုတစ်သင်းလျှင်ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် အသင်းငါးသင်းတို့အား ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၂၈ |
| ရှမ်း(မြောက်) | ၁၉ | ၂၈ |
| ရှမ်း(အရှေ့) | ၂၂ | ၂၇ |
| ရှမ်း(တောင်) | ၁၇ | ၂၅ |
| ချင်း | ၁၆ | ၂၃ |
| စစ်ကိုင်း(အထက်) | ၁၉ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၂ |
| နေပြည်တော် | ၂၄ | ၃၃ |
| မန္တလေး | ၂၅ | ၃၅ |
| မကွေး | ၂၂ | ၃၄ |
| ရခိုင် | ၂၂ | ၃၅ |
| ပဲခူး | ၂၃ | ၃၄ |
| ရန်ကုန် | ၂၄ | ၂၈ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၂ | ၃၃ |
| မွန် | ၂၂ | ၃၁ |
| တနင်္သာရီ | ၂၂ | ၃၁ |

## နေရာကွက်၍ မိုးကြီးနိုင်


နေပြည်တော် နိုဝင်ဘာ ၃


မကွေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## အထူးမိုးလေဝသ သတင်း

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်




နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေအားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှုအားကောင်းသည့်အတွက် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာလ ၄ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မွန်ပြည်နယ် မုဒုံမြို့နယ် အအေးခန်းစက်ရုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် လူနေဆိုင်ခန်းများဆောက်လုပ်မည့်မြေနေရာ ပန္နက်တင်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများ အံကပ်တပ်ဆင်

မော်လမြိုင် နိုဝင်ဘာ ၃

မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ ရာမညဖွံ့ဖြိုးတိုးတက်ရေးဆောက်လုပ်ရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ အအေးခန်းစက်ရုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် လူနေဆိုင်ခန်းများ ဆောက်လုပ်မည့်မြေနေရာ ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ မော်လမြိုင်-မုဒုံ ကားလမ်းမကြီးဘေး စီမံကိန်းမြေနေရာ၌ ကျင်းပသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အအေးခန်းစက်ရုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် လူနေဆိုင်ခန်းများ ဆောက်လုပ်မည့်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက လိုအပ်သည်များကိုဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မြေနေရာများကို လှည့်လည်ကြည့်ရှုကာ ဒေသထွက် သစ်သီးနှင့် အခြားစိုက်ပျိုးသီးနှံများ အရည်အသွေးထိန်းသိမ်းပြီး ဈေးကွက်ထုတ်ကုန်အဖြစ်တင်ပို့နိုင်ရေးဆောင်ရွက်ပေးကြရန် မှာကြားကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးပေးမှုတို့ဖြင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများအား အံကပ်တပ်ဆင်မှုကို မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများကို ထောက်ပံ့ပစ္စည်းများပေးအပ်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများ အခမဲ့အံကပ်တပ်ဆင်ပေးခြင်းကို ကြည့်ရှုအားပေးပြီး နေပြည်တော်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီးအားပေးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

**၃-၁၁-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်** ဖြစ်သည်။


**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၉ ရက်**တွင် စစ်ကိုင်းမြို့ ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆၇)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၉၈၅၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃၀ ရက်**တွင် ရွှေတောင်မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ်(၉ ဒသမ ၈၀၁)တန်၊ သစ်မာ(၅ ဒသမ ၆၁၁)တန်၊ အခြားသစ် (၁၁ ဒသမ ၈၇၅)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၆၅၆၆၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၇၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၂၉ ရက်၊ ၃၀ ရက်နှင့် နိုဝင်ဘာလ ၁ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၉၅၄၁၆၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

---

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၆-၁၀-၂၀၂၅ ရက် ည ၈ နာရီမှ ၂-၁၁-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

---

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ဘယ်သူတွေ ဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေ အောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ၅-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၂-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရောဝတီတံတား(ရတနာသိင်္ဂီ)"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၆) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲကျင်းပ



**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၆ )ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မဟာမုနိဘုရားကြီး၌ကျင်းပသည်။

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌဦးမြဝင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

ယင်းနောက် မသိုးမြတ်သင်္ကန်းတော်အတွက် ဖိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ်လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့ကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းနှင့် အဆိုပါ မသိုးမြတ်သင်္ကန်းတော်အား ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာလ ၄ ရက်) နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူးကျင်းပသည့် တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌတို့က တန်ဆောင်တိုင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများအား အချိုရည်၊ ရေသန့်နှင့်မုန့်များ ဝေငှကြသည်။



ထို့နောက် နာမည်ကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများက မီးပုံးပျံအလုံး ၁၀၀၀ ကို တပျော်တပါးလွှတ်တင်ကာ မီးရှူးမီးပန်းများပစ်ဖောက်ခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်(၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်(၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲကို ယနေ့ညနေ ၅ နာရီတွင် အဆိုပါစေတီတော်ရှိတိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဂေါပကအဖွဲ့ဝင်များက အခမ်းအနားကို "နမော တဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဗိုလ်တထောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဦးအောင်ကိုဇော်က မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်တထောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ YMBA အသင်း (ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်း၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဦးအောင်ကိုဇော်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး(၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ စတင်ယှဉ်ပြိုင်စေသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်(၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင်ပါဝင်ယှဉ်ပြိုင်ကြပြီး အဆိုပါပြိုင်ပွဲမှရရှိလာသည့် မသိုးရွှေကြာသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့အရုဏ်တက်ချိန်တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် တည်ထားကိုးကွယ်သည့်ရုပ်ပွားတော်မြတ်များကို ဆက်ကပ်ပူဇော်သွားမည်ဖြစ်သည်။

ယင်းအပြင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် (၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမရရှိသည့်စင်တော်ကို ငွေကျပ် ၁၅ သိန်း၊ ဒုတိယရရှိသည့်စင်တော်ကို ငွေကျပ် ၁၀ သိန်း၊ တတိယရရှိသည်စင်တော်ကိုငွေကျပ် ရှစ်သိန်း၊ နှစ်သိမ့်ဆုငွေကျပ်လေးသိန်းဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

လင်းခန့်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၃°c |
| ရန်ကုန် | ၂၄°c | / | ၂၈°c |
| မန္တလေး | ၂၅°c | / | ၃၅°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

တောင်ကြီးမြို့၊ ရွှေသူဌေးကုန်းရပ်၊ နယ်မြေ(၉)၊ မြို့ရှောင်လမ်း၊ မြေကွက်အမှတ်(၉/၂၂)၊ အရှေ့နှင့်အနောက်ပေ(၄၀' x ၁၂၀')၊ တောင်နှင့်မြောက်(၄၀' x ၁၂၀')အရှည်ရှိမြေကွက်သည် ဦးမော်လှိုင် ၁၃/လလန(နိုင်)၀၆၂၆၇၄ ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ၎င်းထံမှ ကျွန်ုပ် ဦးကျော်မျိုးဆွေက အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကျော်မျိုးဆွေ
၉/မလန(နိုင်)၁၆၄၂၄၁
၀၉-၂၆၅၂၉၇၂၉၄

**ပျောက်ဆုံးကြောင်း**

စိုးမြင့်သန်း(ဘ)ဦးစိုးအောင် ၁၂/တကန(နိုင်) ၁၃၉၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၂၈၃၂၉၀၂

**ပျောက်ဆုံးကြောင်း**

အောင်ပြည့်ဖြိုး(ဘ)ဦးနေမျိုးအောင် ၁၂/သလန(နိုင်)၁၆၈၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၄၆၁၉၅၃

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

**အလိမ္မာစာမှာရှိ**

**ဖခင်အမည်မှန်**

အစိုးရနည်းပညာအထက်တန်းကျောင်း (မြစ်ကြီးနား) ပထမနှစ်သင်တန်းမှ မောင်ကောင်းသန့်လင်းထက်နှင့် မြစ်ကြီးနားမြို့၊ အ.ထ.က(၁) Grade-5(C) မှ မသော်တာလင်းသူတို့၏ဖခင်အမည်မှန်မှာ ဦးမင်းသူ ၁/ဗမန(နိုင်)၀၅၄၉၉၈ ဖြစ်ပါကြောင်း။

ဦးမင်းသူ

**ပျောက်ဆုံးကြောင်း**

စုနီလ်ကူးမား(ဘ)ရမေ့စ်ကူမာရ်၇/ဖမန(နိုင်) ၂၃၃၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 474148)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၄၉၅၃၈၉၂

**ပျောက်ဆုံးကြောင်း**

ဦးခွန်းရှောင်(ဘ)ဦးနော်ထွယ် ၁/ဝမန(နိုင်) ၀၇၅၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

# ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်မှု မြင်ကွင်းပုံရိပ်များ


ကျန်းမာရေးဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။


အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။


စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။


စက်မှုဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။





# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ


ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် လင်ပန်းကိုကိုင်လျက် လျှောက်လာရင်း ကျွန်ုပ်အား အထူးအခွင့်အရေးပေးခြင်းအတွက် မနာလိုကြလေသလောဟု ထိုလူစုကို ကြည့်လိုက်ရာ အားလုံးသောလူများသည် ကျွန်ုပ်အား မျက်စပစ်ကာ ပြုံးရယ်ကြ၍ နောက်ဆုံးမှ အမေရိကန်တစ်ယောက်တည်းသာလျှင် ပုပ်သိုးသောမျက်နှာရှိသည်ကို မြင်ခဲ့ရပါသည်။ ကျွန်ုပ်သည် ဘူဖေးခန်းသို့ဝင်သည့်အခါတိုင်း တခြားလူများထက် အရင်ဆုံးစားခဲ့ရသည်ချည်းဖြစ်ပါသည်။ ဤအကြောင်းကို ညီအားပြောပြရာ သူက "မိန်းကလေးတွေက မမြင်လို့ရှိရင် ဘိမ္ဗောလို့ အော်သာအော်လိုက်"ဟု ညွှန်ကြားပါသေးသည်။

## ဘိမ္ဗော မျက်နှာပွင့်ခြင်း (၂)

ညီနှင့်ကျွန်ုပ်သည် ကရင်မလင်ဓာတ်ရုံကြီးနှင့် လီနင်၏အလောင်းကို တစ်နေ့တည်းကြည့်ဖို့ ချိန်းထား၍ ဓာတ်ရုံကြီး၌ ဘဲလေးအကကိုကြည့်ပြီးနောက် (ဤအကြောင်းကို အထက်တွင်ဖော်ပြခဲ့ပြီ။) လီနင်၏ သင်္ချိုင်းသို့သွားကြလေသည်။ လီနင်၏ သင်္ချိုင်းကို ရက်သတ္တပတ်လျှင် လေးရက်မျှ ဖွင့်ပေးရာ နှစ်နာရီအချိန်လောက်တွင် ဓာတ်ရုံကြီးမှ ကျွန်ုပ်တို့ထွက်လာကြသောအခါ လီနင်၏သင်္ချိုင်းသို့ သွားသည့်လမ်းပေါ်၌ နံဘေးတိုက် လေးယောက်တန်းလောက်ရှိ၍ လေးဖာလုံခန့်ရှိသော လူတန်းကြီးသည် ဖွေးဖွေးကျလျက်ရှိသော မိုးပွင့်များအောက်၌ စီတန်းကာ တရွေ့ရွေ့လျှောက်သွားလျက်ရှိသည်ကို တွေ့ရလေသည်။ ကျွန်ုပ်တို့သည် ထုံးစံအတိုင်း လူတန်းကြီး၏ နောက်မှဝင်ရပ်ပါက သင်္ချိုင်းသို့ရောက်အောင် နှစ်နာရီထက်မနည်း တဖြည်းဖြည်းလျှောက်ကြရပေလိမ့်မည်။ ညီသည် သူ၏ "ပတ်စ်"စာအုပ်ငယ်ကို လမ်းစောင့်ပုလိပ်အားပြ၍ ကျွန်ုပ်ကိုလက်ညှိုးညွှန်ကာ "ဘိမ္ဗော" ဟု ပြောလိုက်ရာတွင် ပုလိပ်သည် ကျွန်ုပ်တို့နှစ်ယောက်အား လူတန်းကြီးနောက်မှမလိုက်စေဘဲ နံဘေးမှ ရှေ့သို့ကျော်တက်ခွင့်ပြုလိုက်လေသည်။ ကျွန်ုပ်တို့ကျော်တက်လာကြ၍ ရှေ့၌တွေ့ရသည့် ပုလိပ်တစ်ယောက်အားအလားတူ "ဘိမ္ဗော" ဟု ပြောလိုက်ခြင်းအားဖြင့် ဆက်လက်လျှောက်သွားခွင့် ရရှိကြလေသည်။ သင်္ချိုင်းအဝသို့ရောက်သောအခါမှ ကျွန်ုပ်တို့သည် လူတန်းကြီးထဲသို့ဝင်ရပ်ကြလေရာ နှစ်နာရီခန့်ကြာမည့်ခရီးကို ၁၀ မိနစ်ခန့်မျှအတွင်းရောက်လာကြလေ သည်။ အဆောက်အအုံကြီးအတွင်းသို့ နှစ်ယောက်စီယှဉ်ကာဝင်လာကြ၍ မှန်သေတ္တာကြီးအတွင်း ဓာတ်မီးထွန်းပြထားသည့် လီနင်၏အလောင်းကို မြင်ကြရလေသည်။ ကျွန်ုပ်တို့သည် ခေါင်းရင်းဘက်မှ စဝင်ကြ၍ တဖြည်းဖြည်းလျှောက်လာသဖြင့် ခြေရင်းဘက်သို့ရောက်ကြသောအခါ လီနင်၏ တစ်ကိုယ်လုံးနှင့်မျက်နှာကို ထင်ရှားစွာမြင်နိုင်ပေသည်။ လီနင်၏ဦးခေါင်းသည် ကျုံ့ဝင်သွားသည့် လက္ခဏာဖြင့် သာမန်ဦးခေါင်းထက်သေးငယ်ဟန်တူသော်လည်း (လီနင်၏ ပကတိဦးခေါင်းသည် တခြားလူများ၏ဦးခေါင်းထက် သေးငယ်လိမ့်မည်မထင်။ ကျုံ့ဝင်ခြင်းသာဖြစ်ရပေမည်။) မျက်ခုံးမွေး၊ နှုတ်ခမ်းမွေး၊ ဆံပင်မှစ၍ မျက်ခွံ၊ မျက်တောင်၊ နှာခေါင်း၊ ပါးပြင် စသည်တို့မှာ အလောင်းနှင့်မတူ၊ အိပ်ပျော်လျက်ရှိသော လူတစ်ယောက်ဟုဆိုလျှင် ယုံနိုင်လောက်ပေသည်။ ကိုယ်ပေါ်တွင်ဆန့်ထားသည့် လက်နှစ်ဖက်အနက် လက်ယာဘက် လက်ချောင်းလေးများသည် ကွေးလျက်ရှိသော်လည်း လက်ဝဲဘက်လက်ချောင်းများမှာမူ ပကတိအတိုင်း ဖြောင့်စင်းစွာ ဆန့်တန်းလျက်ရှိလေသည်။ ရုရှားလူမျိုးများက ဘုရားတစ်ဆူ ဂူတစ်လုံးအနေဖြင့် ဂါရဝပြုလျက်ရှိကြသည့်လီနင်သည် ယခုအခါ၌ မည်သည့်ဘဝသို့ ရောက်လျက်ရှိလေဘိသနည်းဟူသောမေးခွန်းသည် ကျွန်ုပ်၏စိတ်ထဲတွင် ထုံးစံအတိုင်းပေါ်လာပါသည်။ (အလောင်းကိုကြည့်တိုင်း ဤမေးခွန်းပေါ်လာခြင်းမှာ ကျွန်ုပ်အဖို့ ထုံးစံတစ်ခုဖြစ်ပါသည်။) လေဝင်လေထွက်မရှိ၍ လိုဏ်ဂူကြီးသဖွယ်ရှိနေသော အဆောက်အအုံကြီးထဲသို့ လူအမြောက်အမြား ဝင်ကြ၊ ထွက်ကြသည့်အတွက် ကျွန်ုပ်၏နှာခေါင်းထဲ၌ မခံသာသောအနံ့တစ်ခု ခံစားရသည်ထင်၏။ သို့ဖြစ်၍ မြင်လိုသောအာသာ ဆန္ဒပြည့်စုံသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်မှာ အပြင်သို့ ချက်ချင်းရောက်လိုသောစိတ် ဖြစ်ပေါ်လာပါသည်။



## စတာလင်၏ ကြေးရုပ်

ကျွန်ုပ်တို့သည် လီနင်၏သင်္ချိုင်းမှ ထွက်လာကြသောအခါ အဆောက်အအုံကြီးအဝတွင် မော်တော်ကားများရပ်ခွင့်မရှိသောကြောင့် ကျွန်ုပ်တို့၏ မော်တော်ကားရှိသောနေရာသို့ လမ်းလျှောက်သွားကြ၏။ လျှောက်သွားသောလမ်းမှာ ကရင်မလင်အုတ်ရိုးကြီးတစ်လျှောက်တွင် ဖောက်လုပ်ထား၍ လမ်းနှင့်အုတ်ရိုးကြားတွင် တော်လှန်ရေးခေါင်းဆောင်ကြီးများ၏ ကြေးရုပ်များကိုလည်းကောင်း၊ အုတ်ရိုးတွင် နာမည်များကိုလည်းကောင်း၊ မွေးဖွားသောသက္ကရာဇ်နှင့် ကွယ်လွန်သည့်ခုနှစ်ကိုလည်းကောင်း တသီတတန်းကြီး ကမ္ပည်းထိုးထားခြင်းကိုတွေ့ရလေသည်။ ထိုအထဲတွင် ဂျပန်လူမျိုးတို့၏ အမည်များလည်း ပါရှိ၏။ တစ်နေရာသို့ရောက်ကြသောအခါ ကြေးရုပ်တစ်ခု ဖယ်ရှားထားသည့် ကွက်လပ်ကိုတွေ့ရ၍ အောက်ခံကျောက်ခုံတွင် ၁၈၇၉-၁၉၅၃ ဟူသော ခုနှစ်သက္ကရာဇ်ကို တွေ့ရသည်။ ကျွန်ုပ်သည် ထိုကျောက်ခုံနှင့် ကွက်လပ်ကိုမြင်သောအခါ ညီအားမေးတော့မည်ပြုပြီးမှ ရုတ်တရက်သတိရ၍ ဘရိတ်အုပ်ထားလိုက်သည်။ သတိရခြင်းကား ဤသက္ကရာဇ်သည် စတာလင်၏ သက္ကရာဇ်ဖြစ်၍ ၎င်း၏ကြေးရုပ်ကို ဤနေရာမှ ရွှေ့ထားခြင်းဖြစ်ရမည်။ ဤကိစ္စသည် သူတို့ပါတီဝင်များအဖို့ သိမ်မွေ့သောကိစ္စတစ်ခုဖြစ်၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းပြုရန်မသင့်ဟု စဉ်းစားမိခြင်းပင်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်သည် ညီ၏အကဲကို သိလိုသည်နှင့် ဆက်လက်၍ မလျှောက်ဘဲ ကွက်လပ်ရှေ့တွင် မတ်တတ်ရပ်လျက် ကြည့်နေသေးရာ ညီသည် ကျွန်ုပ်အား ဘာမှမပြောဘဲ ကျွန်ုပ်နှင့်အတူ ရပ်လျက်သာစောင့်ကြည့်နေပါသည်။

## ဘာကြောင့် ဖျောက်ဖျက်သနည်း

ထိုည၌ ကျွန်ုပ်သည် တော်တော်နှင့်အိပ်မပျော်နိုင်ဘဲ စတာလင်ကိစ္စနှင့်ပတ်သက်၍ အယူအဆကွဲလွဲကြခြင်းအကြောင်းများကို စဉ်းစားဆင်ခြင်မိပါသည်။ စတာလင်၏အလောင်းနှင့် ကြေးရုပ်ကို ပြောင်းရွှေ့ပစ်ခြင်းနှင့်ပတ်သက်၍ အပြစ်ပြောကြသူများက စတာလင်၌ မည်သို့သော အပြစ်အနာအဆာများတွေ့ရသည်ဖြစ်စေ ဆိုဗီယက်ပြည်သူပြည်သားတို့၏ ကယ်တင်ရှင်ကြီးတစ်ယောက် အစစ်အမှန်ဖြစ်ခဲ့သည့်အတွက်ကြောင့် ကွယ်လွန်ပြီးသည့်နောက်၌ သူ၏ဂုဏ်သရေကို ညှိုးပုပ်စေခြင်းမှာ အလောင်းကို ရွှေ့ပြောင်း၍ ကြေးရုပ်ကိုဖျောက်ဖျက်ပစ်ခြင်းသည် လက်တုံ့မပြန်သင့်သောကိစ္စ၌ လက်တုံ့ပြန်ရာရောက်သောကြောင့် မှားသည်ဟုဆိုကြသည်။ ကျွန်ုပ်သည် ခရုရှော့ကိုကာကွယ်ရန်လည်း အလိုမရှိ၊ ပြစ်တင်ကဲ့ရဲ့ရန်လည်း အလိုမရှိ။ လူ၏စိတ်သဘာဝကို ကျွန်ုပ်နားလည်သလောက်နှင့် ခရုရှော့အကြောင်းကို ကျွန်ုပ်လေ့လာသိရှိရသလောက်အပေါ်တွင် အခြေတည်၍ စဉ်းစားဆင်ခြင်ခြင်းအားဖြင့် ပေါ်ထွက်လာသည့်အခြေကို ဘက်မလိုက်ဘဲတင်ပြလိုပါသည်။ လူ၏သဘာဝမှာ မိမိ၏တိုင်းပြည်တွင်ဖြစ်စေ၊ တတ်နိုင်လျှင် ကမ္ဘာတွင်ဖြစ်စေ မိမိသာလျှင် အကြီးကျယ်ဆုံး၊ အလေးစားခံရဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ချင်၍ မိမိထက်ကြီးကျယ်သည်၊ အလေးစားခံရသည်ဆိုလျှင် မည်သူ့ကိုမဆို ဖြိုဖျက်ပစ်ချင်တတ်သည့်လောဘမျိုး၊ မာနမျိုးရှိတတ်ခြင်းကား မှန်သည်။ သို့ရာတွင် ခရုရှော့အကြောင်း ကျွန်ုပ်သိရသမျှမှာ ဤပုဂ္ဂိုလ်သည် သာမညမဟုတ်။ စဉ်းစားဉာဏ်ကြီးရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဆိုဗီယက်ပြည်ကြီးတစ်ခုလုံးက ကယ်တင်ရှင်ကြီးအဖြစ်နှင့် ကြည်ညိုလေးစားကြ၍ တစ်ကမ္ဘာလုံး၏အထင်ကြီးခြင်းခံခဲ့ရသည့် စတာလင်၏အလောင်းကို မရိုမသေ မလေးမစားပြုလုပ်လိုက်ချေသော် တိုင်းသူပြည်သားလူများစုက မကျေနပ်ရုံမက ကမ္ဘာကလည်း ကဲ့ရဲ့ပြစ်တင်ကြလိမ့်မည်။ ကဲ့ရဲ့ပြစ်တင်စရာအကြောင်းကောင်းကြီးတစ်ခုလည်း ရသွားကြလိမ့်မည်ဟူသည်ကို သူမသိဘဲ မရှိ၊ သိရမည်သာဖြစ်သည်။ သို့ဖြစ်လျှင် အဘယ်ကြောင့် ထိုကဲ့သို့ပြုလုပ်ရဘိသနည်းဟု မေးဖွယ်ရာရှိ၏။ ဆိုဗီယက်ယူနီယံတွင် စတာလင်ဝါဒ (စတာလင်လမ်းစဉ်) သမားများနှင့် ခရုရှော့လမ်းစဉ်သမားများဟူ၍ နှစ်ဂိုဏ်းရှိကြခြင်းမှာ ကမ္ဘာက အသိဖြစ်၏။ ဤခေတ်အခါ၌ ခရုရှော့ဝါဒသမားများသည် အုပ်ချုပ်ရေးတွင် လူများစုဖြစ်နေ၍ လူနည်းစုဖြစ်သော စတာလင်လမ်းစဉ်သမားများ ဖြုတ်ချခံကြရခြင်းမှာလည်း လူတိုင်းအသိဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံဧကနှစ်သိန်းကျော် လျာထားစိုက်ပျိုးမည်

ကန့်ဘလူ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံဧကနှစ်သိန်းကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် ဒေသထွက်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ နောက်ဆုံးပေါ်နည်းပညာများ ရယူသုံးစွဲနိုင်ရေးအပြင် ဈေးကွက်ဝင်ဆီထွက်သီးနှံများကို စိုက်ပျိုးကြရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၄၄ ဧကနှင့် ပန်းနှမ်း ၅၅၅၈ ဧက စုစုပေါင်း ၂၀၁၁၄၉ ဧက စိုက်ပျိုးမည်ဖြစ်ပြီး ဒေသတွင်းသာမက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ထရမ့်က ပူတင်နှင့် ရှီကျင့်ဖျင်အား လေးစားသင့်သည့် ခေါင်းဆောင်များအဖြစ် ရည်ညွှန်း

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို ထက်မြက်မှုရှိပြီး လေးစားသင့်သည့် ခေါင်းဆောင်များဟု ရည်ညွှန်းပြောဆိုခဲ့ကြောင်းသိရသည်။

CBS သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ထရမ့်က ပူတင်နှင့်ရှီကျင့်ဖျင်တို့သည် အလွယ်တကူ ကစားစရာမဟုတ်ကြောင်းနှင့် အလေးအနက်ထားဆက်ဆံရန်လိုအပ်ကြောင်းသတိပေးခဲ့သည်။

ထို့ပြင် ထရမ့်က ပူတင်နှင့် ရှီကျင့်ဖျင်တို့သည် စိတ်ဓာတ်မာကျောပြီး အလွန်အားကောင်းသည့်ခေါင်းဆောင်များဖြစ်ကြောင်း အလေးထားပြောသည်။ ထရမ့်၏ ပြောဆိုချက်အရ ၎င်းတို့သည် လေးနက်သောလူများဖြစ်ပြီး ပေါ့ပေါ့တန်တန်စကားပြောမည့်သူများ မဟုတ်ကြောင်းဆိုသည်။ လက်ရှိတွင် အမေရိကန်ပြည်ထောင်စုက ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် နျူကလီးယားလက်နက်လျှော့ချရေးကိစ္စကို ဆွေးနွေးလျက်ရှိကြောင်းသိရသည်။

**Ref: Sputnik**

# ဖိလစ်ပိုင်သို့ မုန်တိုင်းဦးတည်ဝင်ရောက်လာသဖြင့် ထောင်နှင့်ချီသောပြည်သူများ ဘေးလွတ်ရာသို့ရွှေ့ပြောင်း



**မနီလာ၊ သဘာဝဘေး**

ဖိလစ်ပိုင်နိုင်ငံ၏ ကမ်းရိုးတန်းပြည်နယ်များတွင် အားကောင်းသော မုန်တိုင်းတစ်ခု မဝင်ရောက်လာမီ လူထောင်ပေါင်းများစွာသည် နိုဝင်ဘာလ ၃ ရက်တွင် ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းလျက်ရှိကြောင်း သိရသည်။

ကာမယ်ဂီအမည်ရှိ အဆိုပါမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၂၀ ကီလိုမီတာရှိပြီး လေပြင်းတိုက်ခတ်နှုန်းမှာ ၁၅၀ ကီလိုမီတာအထိရှိမည်ဟု ခန့်မှန်းရကာ လေတေးကျွန်းကို ဦးစွာဝင်ရောက်မည်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် လူပေါင်း ၆၀၀၀ ကျော်သေဆုံးခဲ့သည့် ဟိုင်ယန်မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရဖူးသည့် မြို့နယ်များအနေဖြင့် ယခုအခါ ရွှေ့ပြောင်းမှုများ လုပ်ဆောင်နေရသည်။

ထို့ပြင် မုန်တိုင်းကြောင့် ပင်လယ်လှိုင်းများသည် ၃ မီတာအထိ မြင့်တက်နိုင်သည်ဟု ခန့်မှန်းထားသဖြင့် နိုဝင်ဘာလ ၂ ရက်မှစ၍ လူထောင်နှင့်ချီ ရွှေ့ပြောင်းပြီးဖြစ်ကာ အချို့ဒေသများတွင် ဒေသခံများကို ဖိအားပေးရွှေ့ပြောင်းခိုင်းရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင်မုန်တိုင်းအလုံး ၂၀ ခန့်ဝင်ရောက်လေ့ရှိသည့်နိုင်ငံဖြစ်သည်။ ယခုဝင်ရောက်တိုက်ခတ်သည့် ကာမယ်ဂီမုန်တိုင်းသည် ယခုနှစ်အတွက် အကြိမ် ၂၀ မြောက်မုန်တိုင်းဖြစ်ကာ ဒီဇင်ဘာလကုန်အထိ နောက်ထပ်မုန်တိုင်းသုံးလုံးမှ ငါးလုံးအထိ ဝင်ရောက်နိုင်သေးသည်ဟု မိုးလေဝသဌာနက သတိပေးထုတ်ပြန်ထားသည်။

**Ref: AGC**

# ပါကစ္စတန်က တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘောကို ၂၀၂၆ ခုနှစ်တွင် အသုံးပြုရန်ရည်မှန်း

**အစ္စလာမ်မာဘတ်၊ စစ်ရေး**

ပါကစ္စတန်ရေတပ်သည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စစ်လက်နက်ဝယ်ယူမှု သဘောတူညီချက်အရ တရုတ်ဒီဇိုင်းထုတ် ရေငုပ်သင်္ဘောရှစ်စင်းအနက် ပထမဆုံးတစ်စင်းကို ၂၀၂၆ ခုနှစ်တွင် အသုံးပြုနိုင်စေရန် ရည်မှန်းထားသည်ဟု ထိပ်တန်းရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးကပြောသည်။

ပါကစ္စတန်အနေဖြင့် Hangor–class ရေငုပ်သင်္ဘောရှစ်စင်းကို ၂၀၂၈ ခုနှစ်အထိ လက်ခံရယူသွားရန် သဘောတူညီထားပြီး ၎င်းတို့သည်ပါကစ္စတန်၏မြောက်အာရေဗျပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် ကင်းလှည့်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်သည်။

အဆိုပါဝယ်ယူမှုသဘောတူညီချက်အရ ပထမလေးစင်းကို တရုတ်တွင်တည်ဆောက်မည်ဖြစ်ပြီး ကျန်လေးစင်းကို နိုင်ငံအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်များပိုမိုတိုးတက်စေရန် ပါကစ္စတန်တွင် တပ်ဆင်မည်ဖြစ်သည်။

**Ref: ST**

# အိန္ဒိယ၌ ဘတ်စကားနှင့် ထရပ်ကားတိုက်မိမှု လူ ၂၀ သေဆုံး အများအပြားဒဏ်ရာရ

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံ တီလန်ဂါနာပြည်နယ်တွင် ဘတ်စကားတစ်စီးနှင့် ကျောက်စရစ်တင်ထရပ်ကားတစ်စီးတို့ နိုဝင်ဘာလ ၃ ရက်နံနက်ပိုင်းက မျက်နှာချင်းဆိုင်တိုက်မိမှုကြောင့် အနည်းဆုံး လူ ၂၀ သေဆုံးပြီး အများအပြားဒဏ်ရာရရှိသည်။

မတော်တဆမှုသည် ဟိုက်ဒရာဘတ်–ဘီဂျာပူအဝေးပြေးလမ်းပေါ်ရှိ ရန်းဂါရက်ဒီခရိုင် ချဲဗဲလာမြို့အနီးတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ထိခိုက်သေဆုံးသူများတွင် ယာဉ်မောင်းနှစ်ဦးနှင့် သုံးလအရွယ်ကလေးငယ်တစ်ဦး ပါဝင်သည်။ ဘတ်စကားအတွင်း စီးနင်းသူ ၇၂ ဦးခန့်ရှိပြီး တိုက်မိမှုမှာ ပြင်းထန်လွန်းသည့်အတွက် ဘတ်စကား၏ခေါင်းပိုင်းတစ်ပိုင်းလုံးပျက်စီးကာ ကျောက်စရစ်များဖြင့်ပိမိနေသည်။ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များက ချက်ချင်းရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ကြောင်းသိရသည်။

**Ref: Xinhua**

# အင်ဒိုနီးရှားက Airbus A400M လေယာဉ် လေးစင်းထပ်မံဝယ်ယူရန် ဆွေးနွေးနိုင်ခြေရှိ



**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားနိုင်ငံသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် နိုင်ငံအနေဖြင့် Airbus A400M အမျိုးအစား စစ်ဘက်သုံးလေယာဉ်လေးစင်းထပ်မံဝယ်ယူရန် ဆွေးနွေးညှိနှိုင်းမှုများစတင်နိုင်ကြောင်း နိုဝင်ဘာလ ၃ ရက်တွင်ပြောသည်။

ယင်းဝယ်ယူမှုသည် နိုင်ငံ၏ သက်တမ်းရင့်နေသော စစ်ဘက်ဆိုင်ရာပစ္စည်းများကို ပြန်လည်မွမ်းမံရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ပထမဆုံး A400M လေယာဉ်နှစ်စင်းအနက် ပထမဆုံးတစ်စင်း ရောက်ရှိလာခြင်းကို စစ်ဆေးသည့် အခမ်းအနားအပြီးတွင် သမ္မတက ထိုသို့ပြောခြင်းဖြစ်သည်။

A400M သည် လေယာဉ်ဆီသယ်ယာဉ်များနှင့် မြေတူးစက်များကဲ့သို့သော ကြီးမားပြီးလေးလံသည့်ဝန်စည်များကို သယ်ယူပို့ဆောင်နိုင်ကာ ပျက်စီးနေသော သို့မဟုတ် တိုတောင်းသော လေယာဉ်ပြေးလမ်းများကို အသုံးပြုနိုင်စွမ်းရှိသည်။

သမ္မတပရာဘိုဝို၏ ပြောကြားချက်အရ ဤလေယာဉ်များသည် ပြည်တွင်း၌ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များအပြင် ဂါဇာကဲ့သို့ နိုင်ငံခြားတွင်လုပ်ဆောင်ရမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများအတွက် အင်ဒိုနီးရှားတပ်မတော်ကို အကူအညီပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Ref: ST**

# အာဖဂန်နစ္စတန်၌ ငလျင်လှုပ်မှုကြောင့် လူ ၂၇ ဦးသေဆုံး၊ ၇၃၀ ကျော် ဒဏ်ရာရ

**ကဘူး၊ သဘာဝဘေး**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ မာဇာအီရှရစ်မြို့အနီး၌ နိုဝင်ဘာလ ၃ ရက်နံနက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်မှုကြောင့် အနည်းဆုံးလူ ၂၇ ဦး သေဆုံးကြောင်းသိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ကနဦးထုတ်ပြန်ပြောကြားချက်အရ ဘက်နှင့် ဆာမန်ဂန်ပြည်နယ်တို့တွင် လူပေါင်း ၇၃၀ ကျော်ဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံများစွာပျက်စီးမှုများလည်းရှိသည်ဟု သိရသည်။

မာဇာအီရှရစ်မြို့မှ ဒေသခံများသည် ငလျင်လှုပ်ခတ်နေစဉ်တွင် လမ်းမများပေါ်သို့ ပြေးထွက်ကြရသည်။ အထင်ကရနေရာဖြစ်သည့် ၁၅ ရာစုနှစ်နောက်ပိုင်းတွင် တည်ဆောက်ခဲ့သောဘလူးဗလီ၏မီးပြတိုက်တစ်ခုမှာလည်း အစိတ်အပိုင်းများကွာကျကာ ပျက်စီးနေသည်ကို တွေ့ရှိရသည်။

တာလီဘန်အစိုးရလက်အောက်တွင် နိုင်ငံတကာအကူအညီများ လျော့ကျနေချိန်၌ ယခုငလျင်လှုပ်ခတ်မှုသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း တတိယမြောက်လူသေဆုံးမှုများစေသည့် သဘာဝဘေးကြီးတစ်ခုဖြစ်လာသည်။ အာဖဂန်နစ္စတန်တွင် အခြေခံအဆောက်အအုံများ၏ အားနည်းမှုကြောင့် သဘာဝဘေး တုံ့ပြန်ရေးလုပ်ငန်းများမှာ နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref: BNA**




အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။


THE BEST QUALITY TYRE
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ
ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
TRISTAR
STARMART nine mile Showroom

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍ မရ ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်.....

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားများပြား

နေပြည်တော် နိုဝင်ဘာ ၃

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်၍ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို အများပြည်သူရှုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် ဒုတိယနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြောက်ဘက် ဝတ္တကမြေပေါ်တွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။


စာမျက်နှာ ၂၂ ကော်လံ ၁ ◆



မဲဆန္ဒရှင်များက ဘောလ်ပင်ဖြင့် အမှန် (✔) အမှတ် အသားရေးခြစ်၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း

စာ - ၃ သို့

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ




နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသအနီးတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)

## အင်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၃

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့နိုင်ပွဲရရှိ

စာ - ၂၃ သို့

